
mgyoe.com
SAMPLE BOOK



*Charles Dickens*


# David Copperfield

# ဒေးဗစ်ကော့ပါးဖီး

သခင်ဘသောင်း

mgyoe.com

mgyoe.com SAMPLE BOOK



# ဒေးဗစ်ကော့ပါးဖီး

သခင်ဘသောင်း

*Charles Dickens*

**David Copperfield**

ဒေးဗစ်ကော့ပါးဖီး

9 782024 001195

" . . . ဒေးဗစ်ကော့ပါးဖီးသည်ကား လူတစ်ဦး၏ ပျော်ရာ၊ ရွှင်ရာ၊ သနားရာတို့ကို စိတ်ကူးဉာဏ် အဆန်းတကြယ် ဖွဲ့နွဲ့ထားသည့် ဝတ္ထု ဖြစ်သည်။ စိတ်ကူးစိတ်သန်း အလွန်ကြွယ်ဝသော တစ်ယောက်၏ ဖြစ်လိုရာ ဖြစ်စေနိုင်သည့် ဇာတ်လမ်းတစ်ခု ဖြစ်သည်။...ဤဝတ္ထုကို ဖတ်ခြင်းအားဖြင့် ကြည်နူးမှုအတော်ရရှိနိုင်ပေသည် အမှန်တည်း။"

- ဝီလျံ ဆမ်မားဆက်မွမ်

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၁၉)

ပုံနှိပ်မှတ်တမ်း



**သခင်ဘသောင်း**

**ဒေးဗစ်ကော့ပါးဖီး**


သခင်ဘသောင်း မိသားစု ခွင့်ပြုချက်ဖြင့် ပြန်လည်ထုတ်ဝေသည်။

ထုတ်ဝေသည့်အကြိမ် ♦ တတိယအကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ

မျက်နှာဖုံးဒီဇိုင်း ♦ ဗဂျီလင်းဝဏ္ဏ

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၈၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် ၃၀၈၊ သဘောကျင်း ၂ လမ်း၊
သဘောကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

သခင်ဘသောင်း
ဒေးဗစ်ကော့ပါးဖီး / သခင်ဘသောင်း။ ရန်ကုန်
စာရိပ်မြိုင်စာပေ၊ ၂၀၂၄။
စာမျက်နှာ - ၁၈၄၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၁၉) ဒေးဗစ်ကော့ပါးဖီး


mgyoe.com

mgyoe.com SAMPLE BOOK

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁။ | မြိုး | အညာရယ် အလွမ်းရယ် ဗီချောရယ် |
| ၂။ | မယ်ဓု | အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး |
| ၃။ | နိုင်းနိုင်းစနေ | နောက်ဆုံးနတ်သူငယ် |
| ၄။ | လင်းရောင်နီစဘော | ရိုးရာနှင့်အညာဓလေ့ဝတ္ထုတိုများ |
| ၅။ | တင်မောင်မြင့် | အချစ်ရိုင်းရဲ့ အရိုင်းချစ် |
| ၆။ | မိုင်ရာ | တရွေညရဲ့ သန်းခေါင်ယံ |
| ၇။ | မိုးစက်ပြင်း | စိတ်အတွက် ဖတ်စာ |
| ၈။ | လူခါး | ဦးအောင်သင်းကို မော့ကြည့်ခြင်း |
| ၉။ | နိုင်းနိုင်းစနေ | တစ်သက်တာအဖော် |
| ၁၀။ | ခင်သန္တာ | မလွန်ခင်လေး လွမ်းရအောင် |
| ၁၁။ | ဆွေဝင်နေမင်း | ခေါင်မိုးများ |
| ၁၂။ | ဝါဝါတင့်ဆွေ | အက်ဒ်ဒီ |
| ၁၃။ | နေထွန်းလင်း | ငါ့ဘဝအတွက် ငါ လုပ်နိုင်တယ် |
| ၁၄။ | ခင်မြလင် | ဆည်းဆာချိန် တိမ်နီများ |
| ၁၅။ | ဗူးရှမေ | ခွင့်လွှတ်ခြင်းဖြင့် လွတ်မြောက်ခြင်း |
| ၁၆။ | နဒီလင်းသစ်ဆေး-၂ | ဒိမ်ထောင့်သုခ |
| ၁၇။ | ရွှေဥဒေါင်း | ပထမ ဆရာသိန်း |
| ၁၈။ | နိုင်းနိုင်းစနေ | နှလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း |
| ၁၉။ | ကိုလေးမြတ် | ကားဂိတ် |
| ၂၀။ | လင်းရောင်နီစဘော | ခေါင်းမြီး |
| ၂၁။ | ရွှေဥဒေါင်း | စစ်ပွဲသူ |
| ၂၂။ | နိုင်းနိုင်းစနေ | နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ |
| ၂၃။ | ညီလေးငယ် | အဝါရောင်ကောင်းကင် |
| ၂၄။ | မြိုး | ဖယောင်း ဥယျာဉ် |
| ၂၅။ | သက်ပိုင်မြန်မာပြန် | သမီးရတနာ |
| ၂၆။ | နိုင်းနိုင်းစနေ | ပျော်ရွှင်ဖို့ ဗီလောက် မခက်ခဲပါစေနဲ့ |
| ၂၇။ | ထက်ဘုန်းရှိန် | မင်းရဲ့ ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ |
| ၂၈။ | နိုင်းနိုင်းစနေ | မသွားရရင် သေနိုင်တယ် |
| ၂၉။ | ဒေါက်တာအောင်ဆေး-၂ | အတွေးတို့၏ ဆွဲငင်အား |
| ၃၀။ | သစ်ခက်ဒိမ် | ဘာညာကွိကွ |
| ၃၁။ | ဝေစီးပွားရေးတက္ကသိုလ် | ဆူးပယ်လက် |
| ၃၂။ | ညီထွန်းလူ | ငါတို့ ရွာပြန်ကြရအောင် |

mgyoe.com

mgyoe.com SAMPLE BOOK

စာ ရိပ် မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၃၃။ | လင်းရောင်နီဝေဘာ | ရွှေလွန်းပျံ ဘယ်ညာခတ်ပါလို့ |
| ၃၄။ | ဗိုဘားနိုင် | မျက်ကွယ်မြစ် |
| ၃၅။ | ရွှေဥဒေါင်း | ရှုပနန္ဒီ ရှုပကလျာဏီ |
| ၃၆။ | နိုင်းနိုင်းစနေ | ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ |
| ၃၇။ | ထက်ဘုန်းရှိန် | အချစ်မြစ်ပြင်က မေတ္တာရေကြည်လေးတွေ |
| ၃၈။ | နိုင်းနိုင်းစနေ | ကျွန်တော် ဂျက်ကီချန်း |
| ၃၉။ | မျိုး | လွမ်းနေဦးမည် ငွေတောင်ပြည် |
| ၄၀။ | သက်ဗိုင် | နှမ်းလျှင်ကြက်ငယ် |
| ၄၁။ | ဒေထူးအောင်အဌူဝါ | တစ်ခါက ပင်လယ် |
| ၄၂။ | ခဲတံ | စိတ်ခံစားမှုများကို ကုစားခြင်း |
| ၄၃။ | ခွန်ညီဒွေး | နကွတ်ကြေ ပျိုးခင်း |
| ၄၄။ | ထက်ဘုန်းရှိန် | ဘဝသံမှဒ္ဒရာထဲက အစာအာဟာရ |
| ၄၅။ | လင်းသစ် | နကွတ်မှားတဲ့ ချစ်ခြင်း |
| ၄၆။ | ဂျူလိုင်ကျော်မင်း | တောင်ဇလပ်နီရောင် တိမ်တိုက်တွေ |
| ၄၇။ | နိုင်းနိုင်းစနေ | ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ |
| ၄၈။ | ဂုမြတ်ချစ် | အဆိပ်သင့် နှလုံးသား |
| ၄၉။ | ထက်ဘုန်းရှိန် | ပျောက်ဆုံးအချစ် ကူးလွှင့်ပင်လယ် |
| ၅၀။ | နိုင်းနိုင်းစနေ | ထွက်ခွာသွားခြင်းအတွက် ကျေးဇူးပါ |
| ၅၁။ | မိုင်ရာ | ဝင့်ကြွေးရှိခဲ့သော် |
| ၅၂။ | ကိုလေးမြတ် | ရွာအကြောင်း၊ ရွာကလူတွေအကြောင်း |
| ၅၃။ | သိန်းသန်းထွန်း | ဘယ်ပန်းနှီးရေးလို့မှ မရှိ |
| ၅၄။ | ပန်းငုဝါဝါ | ကမာရွတ်အိမ်မက်… လှည်းတန်းပုံပြင် |
| ၅၅။ | မင်းဝေယင် | လရိပ်အောက်က မိုးတိမ် |
| ၅၆။ | ရွှေဥဒေါင်း | အကြံဉာဏ်ဖြင့် ကြီးပွားရေး |
| ၅၇။ | နိုင်းနိုင်းစနေ | ဖေါက်တာ ဟင်နရီလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန် မှုခင်းများ |
| ၅၈။ | ထက်ဘုန်းရှိန် | အပန်းဖြေရာ အနားယူရာ |
| ၅၉။ | ခဲတံ | ပျော်ရွှင်သောစိတ်ထား |
| ၆၀။ | ညီလေးငယ် | မှုခြားမြိုင် |
| ၆၁။ | သားဇေး | ကိုယ်တိုင်လွတ်မြောက်ခြင်း |
| ၆၂။ | မျိုး | အလွမ်းဖြင့် နွေးဝေ |
| ၆၃။ | နဗီလင်းသစ်ဒေသး-၂ | ၁၉၂၂ |
| ၆၄။ | ရဲမြတ် | ကုန်းဘောင်ရယ် လွမ်း |

mgyoe.com

mgyoe.com
SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၆၅။ | ဖန်းမော်တင်အောင် | မကြီး |
| ၆၆။ | လင်းသစ် | အတွေးတို့ စေညွှန်ရာ |
| ၆၇။ | နှင်းနှင်းဝေနေ | ထင်ရှားသူတို့၏ ဘဝပုံပြင် |
| ၆၈။ | နှင်းနှင်းဝေနေ | လျှို့ဝှက်တဲ့ သန်းကြွယ်သူဌေး |
| ၆၉။ | နှင်းနှင်းဝေနေ | လျှို့ဝှက်ဥယျာဉ် |
| ၇၀။ | နှင်းနှင်းဝေနေ | ကျွန်မဖတ်ဖို့ |
| ၇၁။ | ခဲတံ | ကိုယ်တို့ တွဲကြရအောင် |
| ၇၂။ | ခဲတံ | ချစ်ခြင်းမေတ္တာဖြင့် ထိတွေ့ဆက်ဆံခြင်း အနုပညာ |
| ၇၃။ | နှင်းနှင်းဝေနေ | နှလုံးသားဝန်ဆောင်မှု |
| ၇၄။ | ရှုးရှုမေ | ချစ်ခြင်းမေတ္တာ၏ ဓာတ်ပြဓ်များ |
| ၇၅။ | ဖန်းမော်တင်အောင် | ပန်းများပွင့်သော ညတာည |
| ၇၆။ | မင်းခန့်ပြည့် | လုပ်ငန်းခွင်ထဲက ချော်ကလေး |
| ၇၇။ | ရှုးရှုမေ | ချစ်သောအမျိုးသားလေးထံသို့ |
| ၇၈။ | အာကာဦး | လမ်းဆုံးမှတ်ဉာဏ်များ |
| ၇၉။ | ဂျူလိုင်ကျော်မင်း | တစ်ခါက အဝါရောင်ဘူတာ |
| ၈၀။ | Aqua | အစိမ်းရောင် မှော်ပညာရှင် |
| ၈၁။ | နဂါးမောင်မောင်သဘာဝကျွဲ | စိတ်ဝိညာဉ်အပိုင်းအစများ |
| ၈၂။ | နှင်းနှင်းဝေနေ | ထူးဆန်းတဲ့ အမေရိကန်လူမျိုး |
| ၈၃။ | လင်းသစ် | တွေးထင်ထားတဲ့အတိုင်း ဖြစ်မလာတဲ့အခါ |
| ၈၄။ | လင်းသစ် | လုပ်ငန်းခွင်ဆောင်ရည်မြှင့်လမ်းညွှန် |
| ၈၅။ | လင်းရောင်နီဝေဘာ | ပင်လက်ပဲ ကြွေချိန်ကျပြီဖို့ |
| ၈၆။ | မြပြေးစွဲစိတ်ပညာ | စိစိတ်ကို ထိန်းချုပ်ခြင်းဆိုင်ရာ အနုပညာ |
| ၈၇။ | နှင်းနှင်းဝေနေ | ကျေးရွာပြင် မေမေ့ကို ကြည့်ရှုစောင့်ရှောက်ပါ |
| ၈၈။ | နိုဘားဒိုင် | ဒုတိယပင်လဲ့ယ် |
| ၈၉။ | နှင်းနှင်းဝေနေ | ၉၀-၁၀ နိယာမ |
| ၉၀။ | လင်းသစ် | ဝိုကောင်းမယ့် မနက်ဖြန် |
| ၉၁။ | သက်ထားရွှေဝင်(THSS) | မေတ္တာနှင့် ခွင့်လွှတ်ခြင်း |
| ၉၂။ | ဇာဝိဆို | ကြယ်တွေဟာ မင်းအတွက်ပဲ လင်းလက် တောက်ပနေတာပါ |
| ၉၃။ | ဝေယံထွန်း | သင့်အစွမ်းအစတွေကို မြှင့်တင်လိုက်ပါ |
| ၉၄။ | ထက်ဘုန်းရှိန် | ငါ မမြင်ဖူးတဲ့ မင်း၊ ငါ မမြင်ဖူးတဲ့ ငါ |
| ၉၅။ | လင်းရောင်နီဝေဘာ | ဖါဖါတယ်ဆင်သွားဖူး နှင်းဦးကမ္ဘေး |
| ၉၆။ | Tsukimi | စာကျက်ချင်စိတ် |

mgyoe.com

mgyoe.com SAMPLE BOOK

## စာရိပ်ဖြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၉၇။ | ခဲတံ | တစ်ပတ်အတွင်း MOVE ON လုပ်နည်း |
| ၉၈။ | မှူးရှမ | ရှင်သန်ခြင်းရဲ့ အဓိပ္ပာယ် |
| ၉၉။ | နဂါးမောင်မောင်သဘာဝဂန္ဓီရ | သံမဏိဝိဉာဉ် |
| ၁၀၀။ | စာရိပ်ဖြိုင်တိုက်ထုတ်ကလောင်စုံ | ဖြိုင်ဖြိုင်ဆိုင်ဆိုင် စာရိပ်ဖြိုင် |
| ၁၀၁။ | မှူးရှင်း | ချစ်သော အမျိုးသမီးလေး ထံသို့ |
| ၁၀၂။ | မြသွေးနှင်းဆီ | အလွမ်းပြည်ကို ရေးတဲ့စာ |
| ၁၀၃။ | လွှမ်းဝေငြိမ်း | ကြေမွနွမ်းခြွေ |
| ၁၀၄။ | ထွန်းတောက်ထွင့်သချာ | သံယောဇဉ်တွယ်…နွယ် |
| ၁၀၅။ | ထက်ဘုန်းရှိန် ဆည်းဆာ | အနုပညာမြောက်စွာ နိုးယူခြင်း |
| ၁၀၆။ | မှူးရှမ | အဝါရောင် ဂူဘေးထဲမှာ ပျော်ရွှင်ခြင်းတွေ ရှိတယ် |
| ၁၀၇။ | နေမျိုး | အသနုပညာရှင် ရောက်ရှိခြင်း |
| ၁၀၈။ | ဘုန်းမောင်ဦး | ပျော်ချင်ယောင် မဆောင်နဲ့ |
| ၁၀၉။ | သက်ထားရွှေဝင်(THSS) | ရှင်သန်နေမယ့် နေ့ရက်များ |
| ၁၁၀။ | နှင်းနှင်းဝေနေ | ရက် ၁၀၀ ရဲ့ ဒိုင်ယာရီ |
| ၁၁၁။ | ရမြတ်ချစ် | မျှော်လင့်ချက်တို့ ရှင်သန်ရာ စာကြည့်တိုက် |
| ၁၁၂။ | မိုင်ရာ | တဈေးမှတ်စု |
| ၁၁၃။ | နှင်းနှင်းဝေနေ | ဘဝအတွက် လိုအပ်တဲ့ အားဆေး |
| ၁၁၄။ | မှူးရှမ | စိတ်လုံခြုံမှု ရပ်ဝန်းငယ် |
| ၁၁၅။ | နှင်းနှင်းဝေနေ | ပျော်ရွှင်တဲ့ အပြုံးနှင့် ဖန်ဆင်းခြင်း |
| ၁၁၆။ | ဆီဝီဆို | ငါဝီသစွာပဲ ရှင်သန်သွားတော့မလို့ |
| ၁၁၇။ | အာကာဦး | ကလောရာနှင့် ရှင်နေမင်း |
| ၁၁၈။ | သော်တာအေးလှဲ့ | လရိပ်ပိုးမျှင် |



**ဒေးပစ်ကော့ပါးဖီး**

သခင်ဘသောင်း

စာရိပ်ဖြိုင်အမှတ်စဉ်(၁၁၉)

mgyoe.com

mgyoe.com SAMPLE BOOK

# သခင်ဘသောင်း (၁၉၀၁-၁၉၈၁)

မကွေးတိုင်း နတ်မောက်မြို့နယ် ငွေးချိုဒိုင်ကုန်းရွာတွင် အဖဦးမြစ်၊ အမိဒေါ်လေးခင် တို့က ၁၉၀၁ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။ မွေးချင်း လေးယောက်အနက် ဒုတိယမြောက် ဖြစ်သည်။

၁၉၀၆ ခုနှစ်တွင် တောင်တွင်းကြီးမြို့ ဗိမာန်ကျောင်း၌ မြန်မာစာ စတင်သင်ကြားသည်။ ထို့နောက် မြို့သစ်မြို့ ဦးစိုးမင်း၏ တိုင်းရင်းမြန်မာ မူလတန်းကျောင်း၊ တောင်တွင်းကြီးမြို့ အင်္ဂလိပ်-မြန်မာ အစိုးရအလယ်တန်းကျောင်း၊ မန္တလေးမြို့ ဗုဒ္ဓသာသနနုဂ္ဂဟ အထက်တန်းကျောင်း (B.T.N) တို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ဆယ်တန်းတွင် ပညာသင်ကြားနေစဉ် ကိုလိုနီပညာရေးစနစ်ကို သပိတ်မှောက်ခဲ့ပြီးနောက် ကျောင်းမှ ထွက်ခဲ့ကာ နိုင်ငံရေးလောကသို့ ဝင်ခဲ့သည်။ ၁၉၂၂-၂၃ ခုနှစ် အမျိုးသားကျောင်းများ ပေါ်ပေါက်လာသောအခါ မန္တလေး၊ ရွှေဘို၊ ပုသိမ်မြို့များတွင် စေတနာ့ဝန်ထမ်း အမျိုးသားကျောင်းဆရာအဖြစ် ဝင်ရောက် အမှုထမ်းသည်။ ၁၉၂၄-၂၅ ခုနှစ်တွင် နယူးဘားမား အင်္ဂလိပ်သတင်းစာ လက်ထောက်အယ်ဒီတာ၊ ထို့နောက် အတွင်းဝန်ရုံးရှိ ကင်းဝန်မင်းကြီး ပိဋကတ်တိုက်တွင် လက်ထောက် ပိဋကတ်တိုက်မှူး၊ ဂန္ထလောကမဂ္ဂဇင်း မြန်မာပိုင်း တည်းဖြတ်သူ၊ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း၏ အတွင်းရေးမှူး၊ သခင်အမည်ကို စတင်သုံးစွဲသူ ဖြစ်သည့်ပြင် တို့ဗမာအစည်းအရုံး စတင် တည်ထောင်သူများအနက်

mgyoe.com

တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဂျပန်ခေတ်ဦးတွင် ဘာသာပြန်ဌာန၌ ခေတ္တဝင်ရောက် လုပ်ကိုင်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်၊ "မြန်မာနှင့်ကမ္ဘာ" စာစောင် အယ်ဒီတာအဖွဲ့ဝင်၊ အသံလွှင့်ရုံပြန်ကြားရေးဌာန၊ ပြန်ကြားရေးရုံး စိစစ်ရေးမှူး၊ ရုပ်ရှင်စိစစ်ရေး အဖွဲ့တို့တွင်လည်း တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၁၉၁၉ ခု ရှစ်တန်းကျောင်းသားဘဝကပင် ဗဟိုစည်သတင်းစာတွင် မြန်မာဘာသာဖြင့်လည်းကောင်း၊ နယူးဘားမားသတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ဆောင်းပါးများ စတင် ရေးသားခဲ့သည်။ ၁၉၂၇ ခုနှစ်ထုတ် ဂန္ထလောကမဂ္ဂဇင်း၏ တတိယအကြိမ်မြောက် ဘာသာပြန်ပြိုင်ပွဲမှ စတင်၍ ငါးကြိမ်ဆက်တိုက် ပထမဆု ရရှိခဲ့သည်။ ထင်ရှားသည့် စာအုပ်များမှာ ဆရာဝန်ပါပဲ (၁၉၂၈)၊ ပန်းသာမစာအု (၁၉၃၆)၊ တိုက်သဘော်ာ ဝံပုလွေ (၁၉၄၀)၊ တိုင်းပြည့်ရန်သူ (၁၉၄၁)၊ တစ်ထောင့်တစ်ည (၁၉၅၈)၊ မျက်မမြင်တိုင်းပြည် (၁၉၆၀)၊ သူခိုးအာမက် (၁၉၆၁)၊ ဒေးဗစ်ကော့ပါးဖီး (၁၉၆၁)၊ ဗုဒ္ဓ၏စကြဝဠာတရား (၁၉၇၅) တို့ ဖြစ်ကြသည်။ "ကမ္ဘာ့ရာဇဝင်ချုပ်" ဖြင့် ဝေလမင်းသားဆု (၁၉၂၉-၃၀)၊ "ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်" ဖြင့် ယူနက်စကို ဘာသာပြန်ဆု (၁၉၅၉-၆၀)၊ ၁၉၈၀ ပြည့်နှစ် ဇွန်လ ၇ ရက်နေ့တွင် နိုင်ငံတော်ကောင်စီ၏ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်ဘွဲ့ ချီးမြှင့်ခြင်း ခံရသည်။

၁၉၈၁ ခုနှစ် ဧပြီလ ၂၁ ရက်၊ ညနေ ၅ နာရီ ၃၀ မိနစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ဇနီး ဒေါ်သန်းကြည်နှင့် သားတစ်ယောက်၊ သမီးတစ်ယောက် ကျန်ရစ်ခဲ့သည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

အစကနဦးက စပြီး ကျွန်တော့်ဘဝအကြောင်းကို ပြောရမည်ဆိုလျှင် ကျွန်တော်ဟာ သောကြာနေ့တစ်နေ့ ညဆယ့်နှစ်နာရီအချိန်မှာ ဆတ်ဖို့နယ်က 'ဗလက်စတုန်း' မြို့တွင် မွေးပါသည်။ ကျွန်တော့်အဖေသည် ကျွန်တော် မမွေးခင် ခြောက်လက သေပါသည်။

နောက်ကြောင်းကို ပြန်စဉ်းစားလိုက်လျှင် ကျွန်တော်တို့ရဲ့ အိမ်ဖော်ဖြစ်သူ 'ပက်ဂေါ့တီ' ကို ကျွန်တော် ပထမဆုံး ပြန်သတိရပါသည်။ ကျွန်တော့်အမေက ဆံပင်ကလည်းလှ၊ ကိုယ်ပေါက်ကိုယ်ရောက်ကလည်း နုပျိုပါသည်။ ပက်ဂေါ့တီကတော့ ကိုယ်လုံးကိုယ်ပေါက် ပုံပန်းမကျပါ။ သူ့လက်မောင်းနှင့် ပါးများက တင်းမာနီရဲနေပါသည်။ ငှက်ကလေးများက သစ်သော့သီးမှတ်ပြီး သူ့ကို မထိုးကြ၊ မဆိတ်ကြသည်ကိုပင် ကျွန်တော် အံ့သြပါသည်။

ကျွန်တော်တို့အိမ်က အိပ်ခန်းပြတင်းပေါက်များကို လေကောင်းလေသန့်များ ဝင်နိုင်ရန် ဖွင့်ထားပါသည်။ တစ်နေ့တွင် ကျွန်တော်ဟာ ကျွန်တော်တို့အိမ်နောက်ဖေးဘက်ရှိ ဥယျာဉ်ထဲမှာ ရောက်နေပါသည်။ ကျွန်တော် မှတ်မိသလောက်ဆိုလျှင် အဲသည် ဥယျာဉ်ထဲမှာ လိပ်ပြာတွေ အလွန်ပေါပါသည်။ အဲသည် ဥယျာဉ်ကို ကာထားသည့် ဝင်းထရံကလည်း အတော်မြင့်ပါသည်။ သစ်ပင်တွေကလည်း အသီးတွဲလောင်းနှင့် ဖြစ်နေပါသည်။ ဤလိုမှည့်သော သစ်သီးများကို အခြား

mgyoe.com

ဥယျာဉ်များထဲတွင် ကျွန်တော် မတွေ့ဖူးပါ။ ဆောင်းတွင်းတွင် ကျွန်တော်တို့သည် ဧည့်ခန်းထဲ၌ ကကြပါသည်။ ကျွန်တော့်အမေက မောရ၍ လက်တင်နှင့် ထိုင်ခုံပေါ်တွင် ထိုင်၍ နားနေရင်း သူ့ဆံပင်များကို သူ့လက်ချောင်းကလေးများတွင် ရစ်ပတ်နေခြင်းများ၊ သူ့ခါးကို စမ်းနေခြင်းများကို ကျွန်တော်က သတိထား၍ ကြည့်နေပါသည်။ ကျွန်တော့်အမေသည် အလွန်လှချင်၍ သူ၏ လှပခြင်းကိုလည်း အင်မတန် ဂုဏ်ယူသည်ကို ကျွန်တော့်ထက်ပို၍ သိနိုင်သူ မရှိပါ။

ထိုနေ့တွင် ပက်ဂေါ်တီနှင့် ကျွန်တော်တို့သည် ဧည့်ခန်းထဲတွင် မီးလှုံရင်း ထိုင်နေကြပါသည်။ ကျွန်တော်က ပက်ဂေါ်တီကို စာဖတ်ပြနေပါသည်။ ထိုအခါတွင် ဥယျာဉ်ဘက်မှ ခေါင်းလောင်းလှုပ်သံ ကြားရပါသည်။ ကျွန်တော်တို့က တံခါးပေါက်သို့ သွားကြသောအခါ ကျွန်တော့်အမေနှင့် ဆံပင်နက်နက်လှလှ၊ နှုတ်ခမ်းမွေးများနှင့် ဂုဏ်သရေရှိ လူကြီးတစ်ယောက်ကို တွေ့ရပါသည်။ ကျွန်တော့်အထင်တွင် ကျွန်တော့်အမေမှာ ခါတိုင်းထက်ပင် ထူး၍ လှနေပါသည်။ ကျွန်တော့်အမေနှင့် ပါလာသော လူကြီးမှာ လွန်ခဲ့သည့် တနင်္ဂနွေနေ့က ဘုရားရှိခိုးကျောင်းမှ ကျွန်တော်တို့နှင့်အတူ လမ်းလျှောက်ပြန်လာသော လူကြီးဖြစ်သည်။

ကျွန်တော့်အမေက ကျွန်တော့်အား ပွေ့၍ နမ်းရန် ကုန်းလိုက်သောအခါ အဆိုပါ လူကြီးက ကျွန်တော့်ခေါင်းကို လက်နှင့် အသာ ပုတ်ပါသည်။ ကျွန်တော်သည် ဘယ်လို အကြောင်းကြောင့်ဟု မပြောတတ်သော်လည်း ထိုလူကြီးကို မျက်စိအထိုး မတည့်ပါ။ ကျွန်တော့်ခေါင်းကို ပုတ်ရင်းနှင့် သူ့လက်နှင့် ကျွန်တော့်အမေလက် ထိသွားမှာကိုပင် ကျွန်တော် စိုးရိမ်ပါသည်။ ထိလည်း ထိသွားပါသည်။ ကျွန်တော့်အမေက ထိုလူကြီးအား သူ့ကို အပင်ပန်းခံပြီး အိမ်ထိအောင် လိုက်ပို့သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောပါသည်။

ပက်ဂေါ်တီက တံခါးပေါက်ကို ပိတ်လိုက်သည်။ ပြီးလျှင် ကျွန်တော်တို့ ဧည့်ခန်းထဲသို့ လာကြပါသည်။ ထိုနေ့မှစ၍ တဖြည်းဖြည်းချင်း ကျွန်တော်သည် ထိုလူကြီးနှင့် တွေ့နေကျ၊ မြင်နေကျ ဖြစ်သွားပါသည်။ သို့ရာတွင် ကျွန်တော်သည် အစ ကနဦးကကဲ့သို့ပင် ထိုလူကြီးကို သဘောမကျပါ။

သစ်သီးများ ပေါ်ချိန် တစ်မနက်တွင် ကျွန်တော်နှင့် ကျွန်တော့်အမေတို့ အိမ်ရှေ့ဥယျာဉ်ထဲတွင် ရှိနေခိုက် ထိုလူကြီးသည် မြင်းစီး၍ လာပါသည်။ သူ့နာမည်မှာ 'မစ္စတာ မတ်စတုန်း' ဖြစ်သည်ကို ကျွန်တော် သိနေပါပြီ။ 'လောဝက် စတော့ဖ်မြို့'မှာ ရှိသည့် သူ့မိတ်ဆွေများထံ အလည်သွားမလို့ဟု ထိုလူကြီးက ပြောပါသည်။

myoe.com

mgyoe.com SAMPLE BOOK

ပြီးလျှင် ကျွန်တော့်ကိုလည်း လိုက်ချင်လျှင် မြင်းပေါ် တင်ခေါ်သွားမည်ဟု ရယ်ကာမောကာ ပြောပါသည်။ ကျွန်တော်ကလည်း လိုက်ချင်နေသဖြင့် မကြာမီပင် မစ္စတာ မတ်စတုန်းနှင့် ကျွန်တော်တို့ ထွက်လာခဲ့ကြပါသည်။ ကျွန်တော်တို့သည် ပင်လယ်ကမ်းနားရှိ ဟိုတယ်ဆိုင်တစ်ဆိုင်သို့ သွားကြပါသည်။ ဟိုတယ်ဆိုင်တွင် အခန်းတစ်ခုထဲ၌ လူကြီးနှစ်ယောက် ဆေးပြင်းလိပ်သောက်ပြီး ထိုင်နေကြသည်ကို တွေ့ပါသည်။

"အလို… မတ်စတုန်းပါလား"ဟု သူတို့က ပြောပါသည်။

"ဒီလူငယ်ကလေးက ဘယ်သူလဲ"ဟု တစ်ယောက်က မေးပါသည်။

"ဒါ ဒေဗီ (ဒေးဗစ်)ပေါ့" ဟု မစ္စတာ မတ်စတုန်းက ပြောပါသည်။

"ဘယ်က ဒေဗီလဲ"ဟု လူကြီးတစ်ယောက်က မေးပါတယ်။

"ဒေဗီကော့ပါးဖီးပါ" ဟု မစ္စတာ မတ်စတုန်းက ပြောပါတယ်။

"ဩော်… ဟိုမုဆိုးမချောချောရဲ့ သားလား"ဟု ထိုလူကြီးက မေးပါသည်။

"ဒီမှာ ကွင်နီယန်၊ တစ်ဆိတ် သတိထားပြောပါ" ဟု မစ္စတာ မတ်စတုန်းက ပြောပါသည်။

ကျွန်တော်က သူတို့ကို မော့ကြည့်လိုက်ပါသည်။ သို့ရာတွင် သူတို့က ဘာမျှမပြောဘဲ ရယ်၍သာ နေကြပါသည်။ ညနေစောစောတွင် အိမ်သို့ ကျွန်တော်တို့ ပြန်ကြပါသည်။ ကျွန်တော့်အမေက ပျော်ခဲ့ရဲ့လားဟု မေးပြီးလျှင် သူတို့ ဘာတွေ ပြောကြသလဲဟုလည်း မေးပါသည်။ ကျွန်တော်က အမေ့အကြောင်းနှင့် ပတ်သက်၍ သူတို့ ပြောကြသော စကားများကို ပြန်၍ ပြောပါသည်။ အမေက သဘောကျသွားပါသည်။

ထိုနောက် နှစ်လလောက်ကြာ၍ တစ်ညနေတွင် ကျွန်တော်တို့သည် ခါတိုင်းကဲ့သို့ ထိုင်နေကြသောအခါ ပက်ဂေါ့တီက အောက်ပါအတိုင်း ရုတ်တရက် ပြောပါသည်။

"ကိုဒေဗီရေ၊ 'ယာမောက်မြို့'က ငါတို့ အစ်ကို့အိမ်ကို တနင်္ဂနွေနှစ်ပတ်လောက် ငါနှင့် လိုက်မလား။ အဲဒီမှာ ပင်လယ်လည်း ရှိတယ်၊ လှေတွေ သင်္ဘောတွေလည်းရှိတယ်၊ တံငါသည်တွေလည်း ရှိတယ်၊ ကမ်းနားမှာ သောင်တွေလည်း ရှိတယ်၊ သင်နဲ့ ကစားမည့်အဖော် ငါ့တူ 'ဟမ်'လည်း ရှိတယ်"

ကျွန်တော်က သည်လိုဆိုလျှင် ပျော်စရာကြီးပေါ့ဟု ပြန်ပြောလိုက်ပါသည်။ ပြီးလျှင် "ကျွန်တော်တို့ သွားနေတုန်း ကျွန်တော့်အမေ ဘယ်လိုလုပ်နေမလဲ" ဟု ကျွန်တော်၏ တံတောင်ဆစ်ကလေးနှစ်ဖက်ကို စားပွဲပေါ် ထောက်ပြီး မေးပါသည်။

mgyoe.com

mgyoe.com

"သင့်အမေက 'မစွက်ဂရေပါး' တို့ အိမ်မှာ တနင်္ဂနွေနှစ်ပတ် သွားနေလိမ့်မည်၊ သဟာကို သင် မသိသေးဘူးလား" ဟု ပက်ဂေါ့တီက ပြောပါတယ်။

ဤသို့ဆိုလျှင် ကျွန်တော်သည် ပက်ဂေါ့တီနှင့် လိုက်သွားဖို့ အဆင်သင့်ပင် ဖြစ်ပါသည်။ ဤနည်းဖြင့် သွားရန် စီစဉ်စရာရှိသည်များကို ထိုညတွင် စီစဉ်လိုက်ပါသည်။

ကျွန်တော်တို့ သွားမည့်နေ့သည် မကြာမီပင် ရောက်လာပါသည်။ ကျွန်တော်တို့သည် နံနက်စာစားပြီးလျှင် ကူးစတို့ မြင်းရထားဖြင့် သွားကြရန် ဖြစ်ပါသည်။

ရထားထွက်သောအခါ ကျွန်တော့်အမေက ဝင်းတံခါးဝသို့ ပြေး၍ ထွက်လာပြီးလျှင် ကျွန်တော့်ကို နောက်ထပ် နမ်းလိုသေးသဖြင့် ရထားသမားကို လှမ်း၍ ခေါ်လိုက်ပါသည်။

လမ်းပေါ်တွင် ကျွန်တော့်အမေ မတ်တတ်ရပ်နေစဉ်တွင် မစ္စတာ မတ်စတုန်း ရောက်လာပြီးလျှင် ကျွန်တော့်အမေအား ကျွန်တော့်ကို ချစ်ခင်လွန်းရမလားဆိုပြီး စိတ်ဆိုးပါသည်။ ကျွန်တော့်မှာ မစ္စတာ မတ်စတုန်းအပေါ်တွင် သူနှင့် ဘာဆိုင်လို့လဲဟု စိတ်ဆိုးမိပါသည်။ ပက်ဂေါ့တီကလည်း ဤကဲ့သို့ပင် အောက်မေ့ဟန်တူပါသည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၂)

ရထားမြင်းသည် ခေါင်းကိုစိုက်၍ ရထားကို ဆွဲသွားပါသည်။ ကျွန်တော်သည် အလွန် ခရီးပန်းသဖြင့် နောက်ဆုံး ယာမောက်ကို လှမ်း၍ မြင်ရသောအခါမှ ဝမ်းသာသွားပါသည်။

ပက်ဂေါ့တီ၏တူ ဟမ်က ထမင်းဆိုင်မှနေ၍ ကြိုနေပါသည်။ သူ့အရပ်မှာ ခြောက်ပေလောက်ရှိ၍ ကိုယ်လုံးကိုယ်ပေါက်လည်း အရပ်မြင့်သလောက် ကြီးပါသည်။ သို့သော် မျက်နှာမှာ အင်မတန်နု၍ သိမ်မွေ့ပုံ ရပါသည်။

ဟမ်က ကျွန်တော့်ကို ကျောပိုး၍ သွားပြီးလျှင် ကျွန်တော်တို့ သေတ္တာကလေးကို သူ ချိုင်းကြားတွင် ညှပ်၍ ယူလာပါသည်။ ပက်ဂေါ့တီက အခြားသေတ္တာငယ်ကလေးတစ်လုံးကို သယ်လာပါသည်။ ခဏနေလျှင် ကျွန်တော် လှမ်း၍ မြင်ရသော မြေညီကွင်းပြင်သို့ ရောက်ပါသည်။ ထိုအခါ ဟမ်က "ဟိုဟာ ငါတို့အိမ်ပဲ ကိုဒေဗီ"ဟု ပြောပါသည်။

ကျွန်တော်သည် တောများရှိသည့်ဘက်ကို အကုန် လှမ်း၍ ကြည့်ပြီးလျှင် ပင်လယ်ဘက်ကိုလည်း လှမ်း၍ ကြည့်ပါသည်။ အိမ်ဆို၍ တစ်ခုမျှ မတွေ့ပါ။ မနီးမဝေးတွင် လှေပျက် မည်းမည်းကြီးတစ်ခု ကုန်းပေါ်တွင် တင်နေသည်ကို တွေ့ပါသည်။ ထိုလှေကြီး၏သံခေါင်းတိုင်မှ မီးခိုးတလူလူ ထွက်နေပါသည်။ သို့ရာတွင် အိမ်နှင့်တူသည့်အရာဟူ၍ တစ်ခုမျှ မတွေ့ရပါ။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟိုဟာကြီးတော့ အိမ်မဟုတ်နိုင်ပါဘူး၊ လှေကြီးလိုဟာကြီးလေ" ဟု ကျွန်တော်က ပြောပါသည်။

"အဲသဟာပေါ့ ကိုဒေဗီရဲ့"ဟု ဟမ်က ပြောပါသည်။

အိမ်သို့ရောက်လျှင် ကျွန်တော်တို့ကို အလွန် ယဉ်ကျေးဖွယ်ရာရှိသော မိန်းမတစ်ယောက်က ဆီး၍ ကြိုပါသည်။ ထိုမိန်းမ အိမ်ရှေ့မှထွက်၍ စောင့်နေသည်ကို ခပ်လှမ်းလှမ်းကပင် ကျွန်တော် မြင်ရပါသည်။ ထို့ပြင် ကျွန်တော့်စိတ်က ထင်၍လား မသိပါ။ အလွန့်အလွန် ချောသော၊ လှသော မိန်းကလေးတစ်ယောက်လည်း ရှိပါသည်။ ထိုမိန်းကလေးအား ကျွန်တော်က နမ်းမည်လုပ်သောအခါ ထိုမိန်းကလေးက ထွက်၍ပြေးပြီး ပုန်းနေပါသည်။ ခဏကြာ၍ ကျွန်တော်တို့ ညစာ စားပြီးသောအခါ အမွေးထူ၍ မျက်နှာထား အလွန်ချိုသော လူတစ်ယောက် ရောက်လာပါသည်။ သူသည် ပက်ဂေါ့တီ၏အစ်ကို ဖြစ်ပါသည်။

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကျုပ်တို့ကတော့ လူကြမ်းတွေပဲ၊ သဟာပေမင့် စိတ်ထားကတော့ မဆိုးပါဘူး" ဟု ပက်ဂေါ့တီ၏ အစ်ကို "မစ္စတာပက်ဂေါ့တီ" က ပြောပါသည်။

ကျွန်တော်က ကျေးဇူးတင်ကြောင်း ပြန်ပြောပြီးလျှင် ထိုကဲ့သို့ သာယာသောအရပ်တွင် ကျွန်တော်သည် အလွန်ပျော်လိမ့်မည်မှာ သေချာကြောင်း ပြောပါသည်။

လက်ဖက်ရည်သောက်ပြီးနောက် တံခါးကို ပိတ်လိုက်သောအခါ နေ၍ ထိုင်၍ အလွန်ကောင်းသွားသဖြင့် ကျွန်တော်တို့သည် အကြာကြီး စကားဝိုင်းဖွဲ့ပြီး ပြောကြပါသည်။ ကျွန်တော်တို့ စကားဝိုင်းတွင် မစ္စတာပက်ဂေါ့တီတို့ မောင်နှမ၊ ဟမ်၊ ကျွန်တော်နှင့် ကျွန်တော်တို့ကို အိမ်ဝက ထွက်၍ကြိုနေသော မိန်းမပါ ပါသည်။ သူ့နာမည်မှာ 'မစ္စက်ဂမ်းမိတ်' ဖြစ်သည်ကို ကျွန်တော် သိရပါသည်။ ပြီးလျှင် စောစောက ကျွန်တော် ပြောခဲ့သော မိန်းကလေးလည်း ပါပါသည်။ သူ့ကို 'ဧမိလီ' ဟု ခေါ်ကြပါသည်။

ထိုနောက် ကျွန်တော်တို့ အခန်းကလေးထဲသို့ ရောက်သွား၍ အခြားသူများ မရှိကြသောအခါ ဟမ်နှင့် ဧမိလီတို့မှာ အလွန်ဆင်းရဲသော မိဘမဲ့ကလေးများ ဖြစ်သဖြင့် သူ့အစ်ကိုက တူနှင့် တူမအဖြစ်နှင့် မွေးစားထားကြောင်းကို ပက်ဂေါ့တီက ကျွန်တော့်အား ပြောပြပါသည်။ မစ္စစ်ဂမ်းမိတ်မှာ မစ္စတာပက်ဂေါ့တီနှင့် လှေတစ်စင်းကို အစုစပ်ပိုင်ကြသော မစ္စတာဂမ်းမိတ်၏ဇနီး မုဆိုးမ ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မစ္စတာဂမ်းဗိတ်သည် အလွန်ဆင်းရဲစွာနှင့် သေသွားပါသည်။ ကျွန်တော်သည် တဖြည်းဖြည်းနှင့် အိပ်ချင်လာသောအခါ ပင်လယ်ဘက်မှ လေသံများကို နားထောင်ရင်း အိပ်ပျော်သွားပါသည်။

မိုးလင်းသောအခါ ကျွန်တော်သည် အိပ်ရာမှ ထပြီးနောက် ဧမိလီနှင့်အတူ သောင်ပြင်သို့ ထွက်ပြီးလျှင် ကျောက်စရစ်ခဲကလေးများကို ကောက်ပါသည်။

"သင်ဟာ ပင်လယ်အကြောင်း ကောင်းကောင်း နားလည်တာပေါ့" ဟု ကျွန်တော်က ဧမိလီကို ပြောပါသည်။

"နားမလည်ပါဘူး၊ ပင်လယ်ဆိုရင် ကျွန်မ သိပ်ကြောက်ပါသည်" ဟု ဧမိလီက ခေါင်းခါ၍ ပြောသည်။

"သင်က ကြောက်သလား၊ ငါတော့ မကြောက်ပေါင်" ဟု ကျွန်တော်က လူရဲကြီးလုပ်၍ ပြောပါသည်။

"ပင်လယ်က သိပ်ကြောက်စရာကောင်းသည်"ဟု ဧမိလီက ပြောပါသည်။

"သင်က ဂုဏ်သရေရှိ အမျိုးသမီး လုပ်ချင်သလား" ဟု ကျွန်တော်က မေးပါသည်။

"လုပ်ချင်တာပေါ့၊ ဒီတော့မှသာ ကျွန်မတို့အားလုံးဟာ ဂုဏ်သရေရှိတဲ့ လူတွေ ဖြစ်လာကြမှာပေ့ါ၊ အဲဒီအခါကျ ကျွန်မတို့ဟာ လေကြီး မိုးကြီး တိုက်မှာတွေလည်း မကြောက်ရတော့ဘူး၊ ကျွန်မတို့ဆိုတာက ကျွန်မတို့ အိမ်သားများချည်း ဆိုလိုတာ မဟုတ်ပါဘူး၊ ဆင်းရဲတဲ့ တံငါသည်တွေ အကုန်လုံးကိုပါ ဆိုလိုတာပါ၊ အဲဒီအခါကျတော့ သူတို့မှာ ဘေးဒုက္ခတွေ့လာရင်လည်း ကျွန်မတို့က ငွေကြေးနဲ့ ထောက်ပံ့နိုင်တာပေါ့" ဟု ဧမိလီက ပြောပါသည်။

ကျွန်တော်သည် ဓမ္မတာအတိုင်းပင် ဧမိလီကို ချစ်၍နေပါပြီ။ ကျွန်တော်၏ စိတ်ကူးယဉ်မှုကြောင့် မျက်လုံးပြာပြာကလေးနှင့် ဧမိလီမှာ မိုးကျနတ်မယ်ကလေး အဖြစ်သို့ ရောက်နေပါပြီ။

ဤနည်းဖြင့် တနင်္ဂနွေ နှစ်ပတ်သည် ကုန်မှန်းမသိ ကုန်သွားပြီးလျှင် ကျွန်တော်တို့ ပြန်ရမည့်နေ့ ရောက်လာပါသည်။ ဧမိလီနှင့် ခွဲခွာရမည့် ကျွန်တော်၏ စိတ်ဆင်းရဲခြင်းမှာ အင်မတန် ပြင်းထန်ပါသည်။ သို့ရာတွင် ပြန်ခဲ့ကြ၍ ကျွန်တော်တို့ အိမ်နားသို့ နီး၍ နီး၍ လာလေလေ ကျွန်တော့်စိတ်ထဲက မြန်မြန်ရောက်ပြီး ကျွန်တော့်အမေ၏ ရင်ခွင်ထဲသို့ တိုးဝင်ချင်လေလေ ဖြစ်၍လာပါသည်။ နောက်ဆုံးတွင် ကျွန်တော်တို့ အိမ်တံခါးကို ဖွင့်လိုက်သောအခါ ကျွန်တော်သည် ရယ်လည်း

mgyoe.com

mgyoe.com SAMPLE BOOK

ရယ်၊ ငိုလည်း ငိုပြီးလျှင် ကျွန်တော့်အမေကို ရှာပါသည်။ တံခါးဖွင့်ပေးသူမှာ ကျွန်တော့်အမေ မဟုတ်ပါ။ အစေခံအသစ် ဖြစ်ပါသည်။

"ဘယ့်နှယ်လဲ ပက်ဂေါ့တီ၊ အမေ ပြန်မလာသေးဘူးလား"ဟု ကျွန်တော်က မေးပါသည်။

"ပြန်လာပါပြီ ကိုဒေဗိရဲ့၊ ပြန်လာပါပြီ၊ ခဏကလေး စောင့်ပါဦး၊ ငါ ပြောပြပါမယ်" ဟု ပက်ဂေါ့တီက ပြောသည်။

ပက်ဂေါ့တီက ကျွန်တော့်အား လက်ကိုဆွဲ၍ မီးဖိုထဲသို့ ခေါ်သွားသဖြင့် ကျွန်တော်သည် ဘာမသိ ညာမသိနှင့် လိုက်သွားရပါသည်။ ပြီးလျှင် ပက်ဂေါ့တီက တံခါးကို ပိတ်လိုက်ပါသည်။

"ပက်ဂေါ့တီရဲ့ ဘယ်လို ဖြစ်တာလဲ"ဟု ကျွန်တော်က ကြောက်ကြောက် လန့်လန့်နှင့် မေးပါသည်။

"ဒီမှာ ကိုဒေဗီ"ဟု ပက်ဂေါ့တီက သူ့ဦးထုပ် မေးသိုင်းကြိုးကို ဖြေရင်းနှင့် ပြောသည်။ ပြီးလျှင် "သင် မသိသေးဘူးလား၊ သင့်မှာ အဖေသစ် ရနေပြီလေ" ဟု ဆက်၍ ပြောသည်။

ကျွန်တော်သည် တစ်ကိုယ်လုံး တုန်လာပြီး သွေးများဆုတ်သွားပါသည်။ ပက်ဂေါ့တီက လက်ညှိုးညွှန်၍ "လာ ကြည့်ရအောင်"ဟု ပြောပါသည်။

"မကြည့်ချင်ဘူး"

"သင့်အမေလည်း ရှိတယ်လေ" ဟု ပက်ဂေါ့တီက ပြောသည်။

ကျွန်တော်သည် နောက်သို့ပြန်မဆုတ်တော့ပါ။ ပက်ဂေါ့တီနှင့် ကျွန်တော် အကောင်းဆုံး ဧည့်ခန်းထဲသို့ တန်း၍ ဝင်သွားကြပါသည်။ ရောက်လျှင် ပက်ဂေါ့တီက ကျွန်တော့်ကို ထားခဲ့ပြီး ပြန်သွားပါသည်။ မီးလင်းဖို၏ တစ်ဖက်တွင် ကျွန်တော့် အမေက ထိုင်နေပြီးလျှင် အခြားတစ်ဖက်တွင် မစ္စတာမတ်စတုန်းက ထိုင်နေပါသည်။ ကျွန်တော့်အမေက ကပျာကယာ ထိုင်ရာမှ ထလိုက်ပါသည်။ သို့ရာတွင် ကြောက် ကြောက်နှင့် ထသည်ဟု ကျွန်တော် ထင်ပါသည်။

'ဒီမှာ ငါ့အချစ် ကလာရာ၊ သတိထားပါ၊ ကိုယ့်စိတ်ကို ကိုယ် အလို မလိုက်ပါနှင့်၊ ကိုယ့်စိတ်ကို အမြဲတမ်း ထိန်းသိမ်းပါ။ လူကလေး ဒေဗီ၊ နေကောင်း ရဲ့လား' ဟု မစ္စတာမတ်စတုန်းက ပြောပါသည်။

ကျွန်တော်က နှုတ်ဆက်ရန် ကျွန်တော့်လက်ကို မစ္စတာ မတ်စတုန်းဆီသို့ ကမ်းလိုက်ပါသည်။ ခဏလောက် ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေပြီးနောက် ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

သည် အမေ့ဆီကို သွားပြီး နမ်းပါသည်။ အမေက ကျွန်တော့်ကို နမ်းပြီးလျှင် ကျွန်တော့်ပခုံးကို ဖြည်းညင်းစွာ လက်နှင့် ပုတ်ပါသည်။ ပြီးလျှင် အမေသည် ပြန်ထိုင်ပြီး သူ့အလုပ်ကိုသူ ဆက်၍ လုပ်ပါသည်။

တိတ်တဆိတ် ထွက်သွားခွင့်ရသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် အပေါ်ထပ်သို့ တိတ်တဆိတ် တက်သွားပါသည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၃)

ကျွန်တော့်အား "ဟောဒီမှာ ဒေဗီ"ဟု ပြောပြီးလျှင် တစ်စုံတစ်ယောက်က နှိုးပါသည်။ ကျွန်တော့်အမေနှင့် ပက်ဂေ့ါတီတို့က ကျွန်တော့်ကို လာရှာကြပါသည်။

"ဒေဗီရေ သားလေးရေ ဘာဖြစ်တာလဲ"ဟု ကျွန်တော့်အမေက ပြောပါသည်။

အဲဒီအချိန်မှာဆိုလျှင် ကျွန်တော့်အမေက 'သားလေးရေ' ဟု ခေါ်လိုက်သော စကားသည် ကျွန်တော့်စိတ်ကို အများကြီး ထိခိုက်သွားပါသည်။ ကျွန်တော်သည် ကျွန်တော်၏မျက်ရည်များကို အိပ်ရာခင်းနှင့် ဖုံး၍ထားပြီးလျှင် ကျွန်တော့်အမေက ဆွဲ၍ထူရန် လုပ်သည်တို ကျွန်တော့်လက်နှင့် ဆီး၍ တွန်းထားပါသည်။ ကျွန်တော့်အား လက်တစ်ခုက လာထိသည်ကို ကျွန်တော် တွေ့ရပါသည်။ ထိုလက်သည် အမေ၏လက်လည်း မဟုတ်၊ ပက်ဂေ့ါတီ၏ လက်လည်း မဟုတ်ပါ။ သဟာနှင့် ကျွန်တော်သည် ခြေရင်းဘက်သို့ လျှော၍ ဆင်းလိုက်ပါသည်။ ထိုလက်မှာ မစ္စတာမတ်စတုန်း၏လက် ဖြစ်ပါသည်။ သူက ကျွန်တော့်လက်မောင်းကို ကိုင်ထားပြီးလျှင် "ဘာလဲဟေ့ ငါ့အချစ် ကလာရာ၊ ငါ ပြောတာကို မေ့သွားပြီလား၊ စိတ်ခိုင်ခိုင်ထားစမ်းပါ"ဟု ပြောပါသည်။

"ကျွန်မ မှားသွားလို့ပါ"ဟု ကျွန်တော့်အမေက ပြောပါသည်။

မစ္စတာ မတ်စတုန်းက ကျွန်တော့်အမေကို သူ့ဘက်သို့ ဆွဲပြီးလျှင် နမ်း

mgyoe.com

mgyoe.com SAMPLE BOOK

ပါသည်။

"ငါ့အချစ်က အောက်ကို သွားနှင့်နော်၊ ဒေဗီနှင့်ငါ လိုက်လာခဲ့မည်"ဟု မစ္စတာ မတ်စတုန်းက ပြောပါသည်။

ကျွန်တော်တို့ နှစ်ယောက်ထဲ ကျန်ရစ်သောအခါ မစ္စတာ မတ်စတုန်းက တံခါးကို ပိတ်လိုက်ပြီးလျှင် ကျွန်တော့်အား ကိုင်၍ သူ့ရှေ့၌ မတ်တတ်ရပ်ခိုင်းထားပြီးနောက် ကျွန်တော့်မျက်နှာကို စိုက်၍ ကြည့်နေပါသည်။

"ဒီမှာ ဒေဗီ၊ ငါ့မှာ မြင်းဆိုးတစ်ကောင် ဖြစ်ဖြစ်၊ ခွေးဆိုးတစ်ကောင် ဖြစ်ဖြစ် ရှိတယ်ဆိုရင် ငါ ဘယ်လိုလုပ်တယ်လို့ သင် ထင်သလဲ" ဟု မစ္စတာ မတ်စတုန်းက ကျွန်တော့်ကို မေးပါသည်။

"ကျွန်တော် မသိဘူး"

"ရိုက်တယ်၊ နာနာ ရိုက်တယ်။ ငါ့စိတ်က ဒီကောင်ကို နိုင်အောင်လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင် သူ့ကိုယ်ထဲမှာ သွေးတစ်စက်မှ မကျန်ချင်နေပစေ၊ ငါ နိုင်အောင်လုပ်မှာပဲ။ ကိုင်း... ဆရာလည်း အခုချက်ချင်း ဒီမျက်နှာကြီးကို သွားသစ်ပြီး အောက်ကို ငါနဲ့ လိုက်ခဲ့ပါ"

လေးတိလေးကန်သာ လုပ်နေမည်ဆိုလျှင် အဲသည်တုန်းက ကျွန်တော့်ကို လဲသွားအောင် မစ္စတာ မတ်စတုန်းက ရိုက်မှာပဲလို့ ကျွန်တော် ထင်ပါသည်။

ကျွန်တော်တို့ သုံးယောက်ထဲ ထမင်းစားကြပါသည်။ မစ္စတာ မတ်စတုန်းသည် ကျွန်တော့်အမေကို အင့်မတန်နှစ်သက်ပုံ ရပါသည်။ သည်အတွက် ကျွန်တော်က သူ့ကို ပိုပြီး မေတ္တာရှိမလာပါ။ ကျွန်တော့်အမေကလည်း သူ့ကို အင်မတန် နှစ်သက်ပုံရပါသည်။ ပြီးတော့ သူတို့ဆီကို မစ္စတာ မတ်စတုန်း၏ ညီမတစ်ယောက်သည် ထိုနေ့ညနေတွင်ပင် လာ၍ နေလိမ့်မည် ဆိုသည့် အကြောင်းကိုလည်း ကျွန်တော် သိရပါသည်။

'မစ္စမတ်စတုန်း' ရောက်လာပါသည်။ သူသည် မျက်နှာထား အလွန်ဆိုးသော မိန်းမကစ်ယောက် ဖြစ်ပါသည်။ သူသည် သူ့မောင်လိုပင် အသားညိုပါသည်။ မျက်နှာပေါက်နှင့် အသံမှာ သူ့မောင်နှင့် အလွန်တူပါသည်။ သူသည် မျက်ခုံးမွေးလည်း အလွန်ထူပါသည်။ မစ္စမတ်စတုန်းလို မာကျောသော မိန်းမကြီးတစ်ယောက်ကို ကျွန်တော် တစ်ခါမျှ မမြင်ဖူးပါ။

မစ္စမတ်စတုန်းက ကျွန်တော့်ကို ကြည့်ပြီးလျှင် "ယောက်မရေ ဒါ သင့်ကလေးပဲ မဟုတ်လား"ဟု မေးပါသည်။ ကျွန်တော့်အမေက ဟုတ်ကြောင်း ပြောပါ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။

"အများအားဖြင့် ငါဟာ ယောက်ျားကလေးများကို သဘောမကျဘူး" ဟု မစ္စမတ်စတုန်းက ပြောသည်။ ပြီးလျှင် "နေကောင်းရဲ့လား သူငယ်" ဟု ဆက်၍ ပြောပါသည်။

မစ္စမတ်စတုန်း ရောက်ပြီးနောက် ပထမနေ့ နံနက်တွင် ကျွန်တော့်အမေက နံနက်စာစားရန် ဆင်း၍လာပြီးနောက် လက်ဖက်ရည်ပြင်မည် လုပ်သောအခါ မစ္စမတ်စတုန်းက "ဒီမှာ ငါ့အချစ် ကလာရာရေ၊ ဒီကို အခု ငါရောက်လာတာဟာ သင့်တာဝန်တွေ ရှိသမျှကို ငါတတ်နိုင်သမျှ ကူလုပ်ပေးဖို့ပဲ၊ သင့်သော့တွေ အကုန်လုံး ငါ့ကိုပေးထားရင် ဒီအလုပ်တွေ အကုန်လုံးကို ငါချည်း လုပ်ပါမည်"ဟု ပြောပါသည်။

ထိုအချိန်က စ၍ မစ္စမတ်စတုန်းသည် သော့ကိုင် ဖြစ်သွားပြီးလျှင် ကျွန်တော်သည် သော့များနှင့် မဆိုင်သကဲ့သို့ပင် ကျွန်တော့်အမေလည်း သော့များနှင့် လုံးလုံး မဆိုင်တော့ပါ။

ပြီးလျှင် ကျွန်တော့်အား ကျောင်းအိပ်ကျောင်းစား ပို့၍ထားမည်ဆိုသော စကားများလည်း ပေါ်လာပါသည်။ ဤအကြောင်းကို မစ္စတာမတ်စတုန်းတို့ မောင်နှမက စ၍ ပြောပြီးလျှင် ကျွန်တော့်အမေကလည်း သူတို့နှင့် သဘောတူလိုက်ရပါသည်။ ထိုအတောအတွင်း၌ ကျွန်တော်သည် အိမ်နေရင်း သင်ခန်းစာများကိုလည်း သင်ရပါသည်။

ကျွန်တော်သည် ထိုသင်ခန်းစာများကို ဘယ်တော့မျှ မေ့နိုင်မည် မဟုတ်ပါ။ ထိုသင်ခန်းစာများကို ကျွန်တော် ပြန်၍ တွေးမိပါသေးသည်။

ကျွန်တော်သည် နံနက်စာ စားပြီးသည့်အခါတွင် ဒုတိယ အကောင်းဆုံး ဧည့်ခန်းသို့ စာအုပ်များကို ကိုင်၍လာပါသည်။ ကျွန်တော့်အမေက ကျွန်တော့်ကို စာသင်ပေးဖို့ အသင့်စောင့်နေပါသည်။ သို့ရာတွင် ပက်လက်ထိုင်ခုံပေါ်တွင် ထိုင်နေသော မစ္စတာမတ်စတုန်းနှင့် မစ္စမတ်စတုန်းတို့က ကျွန်တော့်အမေထက်ပင် ပို၍ အသင့်ဖြစ်နေကြပါသည်။ သူတို့နှစ်ယောက်ကို ကျွန်တော်သည် ကြောက်အားကြီးသဖြင့် စာလုံးများကို ကြိုးစား၍ မှတ်လေလေ မှတ်လို့မရလေ ဖြစ်နေပါသည်။

ကျွန်တော်သည် ပထမ စာအုပ်ကို ကျွန်တော့်အမေကို ပေးလိုက်ပြီး စာပြန်သောအခါ စာတစ်လုံး လွဲပါသည်။ ထိုနောက် မစ္စတာမတ်စတုန်းက မော့၍ ကြည့်လိုက်လျှင် ကျွန်တော် စာနှစ်လုံး လွဲပါသည်။ ထိုနောက် မစ္စမတ်စတုန်းက

mgyoe.com

mgyoe.com
SAMPLE BOOK


မော့၍ ကြည့်လိုက်ပါသည်။ ကျွန်တော်သည် မျက်နှာနီလာပြီးလျှင် စာလုံးခြောက်လုံးလောက် လွဲသွားပြီး ဆက်၍ မပြန်တတ်တော့ပါ။ ကျွန်တော့်အမေက ကျွန်တော့်အား စာအုပ်ကို ပြဝံ့မည်ဆိုလျှင် ပြမည်မှာ သေချာပါသည်။ သို့ရာတွင် ကျွန်တော့်အမေသည် စာအုပ်ကို မပြဝံ့ပါ။ ပြီးလျှင် ကျွန်တော့်အမေက တိုးတိုးကလေး "အို... ဒေဗီလေး၊ ဒေဗီလေး" ဟု ဆိုပါသည်။

"ဒီမှာ ကလာရာ၊ ဒီသူငယ် မျက်နှာသာ မပေးပါနှင့်။ အို... ဒေဗီလေး၊ ဒေဗီလေးလို့ မဆိုပါနှင့်။ သူ စာရရင် ရသလို လုပ်ပါ၊ မရရင်လည်း မရသလို လုပ်ပါ" ဟု မစ္စတာမတ်စတုန်းက ပြောပါသည်။

"သူ ဒါ မရပါဘူး"ဟု မစ္စမတ်စတုန်းက ကြောက်စရာ ဝင်၍ ပြောသည်။

တစ်နေ့နံနက်တွင် ကျွန်တော်သည် စာအုပ်များနှင့် ဧည့်ခန်းထဲသို့ ဝင်၍ သွားသောအခါ ကျွန်တော့်အမေမှာ စိတ်ပူနေပုံရပြီးလျှင် မစ္စမတ်စတုန်းမှာ မျက်နှာထား တင်းတင်းကြီးနှင့် ဖြစ်နေပြီးလျှင် မစ္စတာမတ်စတုန်းမှာ ကြိမ်လုံးသေးသေးနွဲ့နွဲ့ တစ်ခု၏ အောက်ပိုင်းကို တစ်စုံတစ်ခုနှင့် ပတ်နေသည်ကို တွေ့ရပါသည်။

"ဒီမှာ ကလာရာ၊ ငါကိုယ်တိုင်က အများကြီး အရိုက်ခံရဖူးတယ်" ဟု မစ္စတာမတ်စတုန်းက ပြောပါသည်။

"ဟုတ်တာပေါ့" ဟု မစ္စမတ်စတုန်းက ပြောသည်။

"ဟုတ်တာတော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ အဲဒီလို အရိုက်ခံရတဲ့အတွက် သူ့မှာ အကျိုးရှိတယ်လို့ကော ရှင်က ထင်ရဲ့လား"ဟု ကျွန်တော့်အမေက မရဲတရဲနှင့် ပြောသည်။

ကျွန်တော့်ကို စာသင်ပေးပုံမှာ အစကနဦးကပင် မကောင်းသဖြင့် ပို၍ ပို၍ ဆိုးလာသည်။ သင်၍ မရသည့် စာအုပ်များမှာ တစ်ပုံကြီး ဖြစ်နေသဖြင့် နောက်ဆုံးတွင် ကျွန်တော့်အမေက ရှိုက်ကြီးတငင် ငိုပါသည်။

"ဒီမှာ ကလာရာ" ဟု မစ္စတာမတ်စတုန်းက သတိပေးသော သဘောဖြင့် ပြောသည်။

မစ္စတာမတ်စတုန်းက ကြိမ်ကိုကိုင်၍ ထလာပြီး သူ့နှမအား မျက်နှာထား တည်တည်ကြီးနှင့် မျက်စိမှိတ်ပြလိုက်သည်ကို ကျွန်တော် တွေ့ ရပါသည်။ ပြီးလျှင် "ဒီမှာလေ ဒေဗီ၊ လာ... သင်နှင့်ငါ အပေါ်ကို သွားကြမယ်"ဟု ပြောပါသည်။

သူသည် ကျွန်တော့်အား အပေါ်ထပ်သို့ တဖြည်းဖြည်း ခေါ်သွားပါသည်။ အပေါ်သို့ ရောက်သောအခါ ရုတ်တရက် ကျွန်တော်၏ခေါင်းကို သူ့လက်မောင်း

mgyoe.com

mgyoe.com

အောက်သို့ လိမ့်၍ သွင်းလိုက်ပါသည်။ ပြီးလျှင် ကျွန်တော့်အား ကြိမ်နှင့် ပြင်းထန်စွာ ရိုက်ပါသည်။ ထိုအခါ ကျွန်တော့်အား ကိုင်ထားသော သူ့လက်ကို ကျွန်တော့်ပါးစပ်နှင့် တအား ကိုက်ဆွဲလိုက်ပါသည်။

ထိုအခါ သူက ကျွန်တော့်အား တစ်ခါတည်း သေအောင် ရိုက်တော့မည့်ပုံမျိုးနှင့် ရိုက်ပါသည်။ ကျွန်တော့်အမေနှင့် ပက်ဂေါ့တီတို့ ငိုနေကြသံကို ကျွန်တော်ကြားရပါသည်။

ထိုနောက် သူ ထွက်သွားပြီးလျှင် တံခါးကို အပြင်မှ ပိတ်ထားခဲ့ပါသည်။ ကျွန်တော့်အား ငါးရက်တိုင် အိမ်ခန်းထဲ၌ လှောင်ထားပါသည်။ ထိုငါးရက်လုံးလုံး၌ ကျွန်တော်သည် မစ္စမတ်စတုန်း တစ်ယောက်တည်းကိုသာ တွေ့ရပါသည်။

နောက်ဆုံးညတွင် ကျွန်တော့်နာမည်ကို တိုးတိုးကလေး ခေါ်သံကြားသဖြင့် ကျွန်တော် နိုး၍ လာပါသည်။ ကျွန်တော်သည် ထ၍ ထိုင်လိုက်ပါသည်။ ခဏနေသောအခါ ကျွန်တော့်နာမည်ကို ခေါ်သံ ထပ်၍ ကြားရပြန်ပါသည်။ ထိုအသံမှာ သော့ပေါက်မှ ပေါ်လာသည်ဟု ကျွန်တော် ထင်ပါသည်။

ကျွန်တော်သည် တံခါးပေါက်သို့ စမ်း၍ သွားပြီးလျှင်. . .

"အခု ကျွန်တော့်ကို ခေါ်တာ ပက်ဂေါ့တီလား"ဟု မေးပါသည်။

"ဟုတ်တယ် ဒေဗီလေးရဲ့" ဟု ပက်ဂေါ့တီက ပြန်ပြောပါသည်။

"အမေကကော ဘာပြောသေးသလဲ၊ အမေက ကျွန်တော့်ကို သိပ်စိတ်ဆိုးနေသလား"

တံခါးသော့ပေါက် အပြင်ဘက်မှ ပက်ဂေါ့တီ တိုးတိုးကလေး ငိုနေသည်ကို ကျွန်တော် ကြားရပါသည်။ ပြီးမှ "စိတ်မဆိုးပါဘူး၊ သိပ်စိတ်မဆိုးပါဘူး" ဟု ပက်ဂေါ့တီက ပြောပါသည်။

"ဒီမှာ ပက်ဂေါ့တီ၊ ကျွန်တော့်ကို ဘယ်လို လုပ်မလို့တဲ့လဲ"

"လန်ဒန်မြို့နားက ကျောင်းကို နက်ဖြန်ခါ..."ဟု ပက်ဂေါ့တီက ပြောပါသည်။

ထိုနောက် ပက်ဂေါ့တီက သော့ပေါက်နားကို သူ့ပါးစပ်ကပ်ပြီး "ဒေဗီအချစ်လေးရေ ငါတော့ ဒါပဲ ပြောချင်တယ်၊ သင့်မှာ ဘာဖြစ်ဖြစ် ငါ့ကို မမေ့နဲ့၊ သင့်ကို ငါ ဂရုစိုက်သလိုပဲ သင့်အမေကိုလည်း ငါ ဂရုစိုက်ပြီး ပြုစုပါမယ်" ဟု လေသံနှင့် ပြောပါသည်။

"ကျေးဇူးတင်ပါတယ် ပက်ဂေါ့တီရယ်၊ ကျေးဇူးတင်ပါတယ်"ဟု ကျွန်တော်

mgyoe.com

mgyoe.com

က ပြောပါသည်။

နံနက်တွင် မစ္စမတ်စတုန်း ပေါက်လာပြီး ကျွန်တော်ကို ကျောင်းပို့မည်ဟု ပြောပါသည်။ ထိုအကြောင်းမှာ သူစိတ်ထဲက ထင်နေသလို သတင်းအသစ်အဆန်း မဟုတ်တော့ပါ။ ပြီးလျှင် မစ္စမတ်စတုန်းက ကျွန်တော့်အား အဝတ်လဲပြီးလျှင် အောက်သို့လာ၍ နံနက်စာ စားရမည်ဟု ပြောပါသည်။ အောက်ထပ်တွင် ကျွန်တော့် အမေကို တွေ့ပါသည်။ ကျွန်တော့်အမေမှာ မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေပြီး မျက်လုံးများလည်း နီနေပါသည်။ သူတို့က ကျွန်တော့်အမေအား ကျွန်တော်သည် လူဆိုးတစ်ယောက် ဖြစ်သည်ဟု ပြောကြပါသည်။ အမေသည် ကျွန်တော့်အား ကျောင်းကိုပို့သည့်အတွက် ဝမ်းနည်းသည်ထက်ပင် သူတို့က ကျွန်တော့်ကို လူဆိုးဖြစ်အောင် ပြောကြသည့်အတွက် ပို၍ ဝမ်းနည်းနေပါသည်။ ထို့ကြောင့် ကျွန်တော်သည် ပို၍ စိတ်မချမ်းသာပါ။

ဝင်းတံခါးဝမှ ရထားသံ ကြားရပါသည်။ ကျွန်တော်က ပက်ဂေါ့တီကို ရှာပါသည်။ သို့ရာတွင် ပက်ဂေါ့တီရော မစ္စတာမတ်စတုန်းပါ ပေါ်မလာကြပါ။ ဝင်းတံခါးဝသို့ မြင်းရထား ရောက်လာသောအခါ ကျွန်တော့်သေတ္တာကို ယူ၍ ရထားပေါ်သို့ တင်လိုက်ပါသည်။

"ဒီမှာ ကလာရာ" ဟု မစ္စမတ်စတုန်းက ကျွန်တော့် အမေအား သတိပေးသံဖြင့် ခေါ်ပါသည်။

"ကျွန်မ အဆင်သင့်ပါပဲ"ဟု ကျွန်တော့်အမေက ပြောပါသည်။ ပြီးလျှင် ဆက်၍ "ကိုင်း... သွားပေတော့ ဒေဗီရေ၊ အခု သင်သွားတာဟာ သင်ကောင်းဖို့ သွားရတာနော်။ အမေ့သားချစ်ကလေးကို အမေ ခွင့်လွှတ်ပါတယ်။ ကိုင်း... သွားတော့နော်" ဟု ပြောပါသည်။

"ဒီမှာ ကလာရာ" ဟု မစ္စမတ်စတုန်းက သတိပေးပါသည်။

မစ္စမတ်စတုန်းက ကျွန်တော့်အား ရထားသို့ ခေါ်သွားပါသည်။ ထို့နောက် ကျွန်တော်က ရထားပေါ်တက်ပြီး မြင်းသည် ပျင်းမှုပျင်းရာနှင့် ရထားကိုဆွဲ၍ သွားပါသည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

(၄)

ရထားထွက်၍ နာရီဝက်လောက် ကြာသောအခါ ကျွန်တော်၏ လက်ကိုင်ပဝါမှာ မျက်ရည်ဖြင့် ရွှဲရွှဲစိုသွားပါသည်။ ထိုအခိုက်တွင် ရထားသည် ဖြုန်းခနဲ ရပ်၍ သွားပါသည်။

ပက်ဂေါ့တီသည် လှမ်းဘေးစည်းရိုးတွင်းမှ ရုတ်တရက် ထွက်လာသဖြင့် ကျွန်တော်သည် အံ့အားသင့်၍ သွားပါသည်။ ပြီးလျှင် ပက်ဂေါ့တီသည် ရထားပေါ်သို့ တက်လာပြီး ကျွန်တော့်အား ဖက်၍ထားပါသည်။ ထို့နောက် ပက်ဂေါ့တီ စက္ကူအိတ်များထဲမှ မုန့်များကို ထုတ်ပြီးလျှင် ကျွန်တော့်အိတ်ကပ်ထဲသို့ ထည့်ပါသည်။ ပြီးလျှင် ပတ္တာအိတ်ကလေးတစ်ခုကို ကျွန်တော့်လက်ထဲသို့ ထည့်ပါသည်။ သို့ရာတွင် စကားတစ်ခွန်းမျှ မပြောပါ။ ပတ္တာအိတ်ထဲတွင် ပြောင်လက်နေအောင် တိုက်ထားသော သျှိလင်ဒင်္ဂါး သုံးပြားပါပါသည်။ ထိုပတ္တာအိတ်ထဲမှ အဖိုးတန်ဆုံးသောအရာမှာ စက္ကူနှင့်လုပ်ထားသော နှစ်သျှိလင်ခွဲတန် (ကရောင်းဝက်) ဒင်္ဂါးထုပ်ဖြစ်ပါသည်။ ထိုစက္ကူထုပ်ပေါ်တွင် ကျွန်တော့်အမေ၏ လက်ရေးဖြင့် 'ဒေဗီဖို့' ဟု ရေးထားပါသည်။

ကူးတို့ရထားသည် ယာမောက်မြို့တွင် ရပ်ပါသည်။ ယာမောက်မြို့တွင် ကမန်းကတန်းနှင့် ကျွန်တော် ထမင်းစားပါသည်။ ပြီးလျှင် လန်ဒန်သွား မြင်းရထားကို ပြောင်း၍ စီးပါသည်။

အဝေးမှ လှမ်း၍ မြင်ရသောအခါ လန်ဒန်မြို့မှာ ကျွန်တော့်အဖို့ အလွန်

mgyoe.com

m.gyoe.com SAMPLE BOOK

အံ့သြစရာကောင်းသောမြို့ ဖြစ်ပါသည်။ ကျွန်တော်တို့သည် တဖြည်းဖြည်းနှင့် လန်ဒန်ဘက်သို့ နီးလာပြီးလျှင် နောက်ဆုံးတွင် မြို့ထဲသို့ရောက်၍ ထမင်းဆိုင် တစ်ဆိုင်တွင် ရထားပေါ်မှ ဆင်းကြပါသည်။

ကျွန်တော့်မှာ တစ်ယောက်တည်း ယောင်ချောက်ချောက်နှင့် အလုပ်ခန်း တစ်ခုထဲသွား၍ အထုပ်အပိုးများချိန်သော ချိန်ခွင်ပေါ်တွင် ထိုင်ရပါသည်။ မကြာမီပင် လူတစ်ယောက်ဝင်လာပြီး စာရေးကို တိုးတိုးပြောပါသည်။ စာရေးက ကျွန်တော့်အား ချိန်ခွင်ပေါ်မှ ထိုလူ့ဘက်သို့ တွန်းချလိုက်ပါသည်။

ထိုလူမှာ ပိန်ပိန်ရှည်ရှည်၊ ပါးဟောက်ဟောက်၊ ဆံပင်ခြောက်ခြောက် နီကြင်ကြင်နှင့် လူရွယ်တစ်ယောက် ဖြစ်ပါသည်။ ထိုသူသည် နီကြင်ကြင် ခြောက်သွေ့သွေ့ရှိသော ဝတ်စုံအနက်ကို ဝတ်ထားပါသည်။ သူ၏ အင်္ကျီလက်ကလည်း တို၍၊ သူ၏ ဘောင်းဘီကလည်း တိုနေပါသည်။

"သင်ဟာ လူသစ်မဟုတ်လား"ဟု ထိုသူက မေးပါသည်။

"ငါဟာ ဆာလင်ကျောင်းက ဆရာတစ်ယောက်ပဲ၊ ငါ့နာမည်က 'မစ္စတာမဲ' လို့ ခေါ်တယ်"ဟု ထိုသူက ပြောပါသည်။ ကျွန်တော်က ခေါင်းငုံ့၍ အရိုအသေ ပေးပါသည်။

"တစ်ဆိတ် မေးပါရစေ ခင်ဗျာ၊ ဆာလင်ကျောင်းက တော်တော်ဝေးပါ သလား" ကျွန်တော်က မေးပါသည်။

"ခြောက်မိုင်လောက် ဝေးတယ်၊ ငါတို့ မြင်းရထားနှင့် သွားမည်"ဟု ထိုသူက ပြောပါသည်။

ဆာလင်ကျောင်းသည် လေးထောင့်အုတ်တိုက် ဖြစ်ပြီးလျှင် ပရိဘောဂ ပစ္စည်းများစွာ ရှိပုံမရပါ။ တစ်ဆောင်လုံး အင်မတန် တိတ်ဆိတ်နေသဖြင့် ကျောင်းသားတွေ အပြင်သွားနေကြသည် ထင်ကြောင်းနှင့် ကျွန်တော်က မစ္စတာမဲကို ပြောပါသည်။ ထိုအချိန်မှာ ကျောင်းပိတ်ချိန် ဖြစ်သည်ကို ကျွန်တော် မသိသည့်အတွက် မစ္စတာမဲသည် အံ့အားသင့်၍ သွားပါသည်။ ကျောင်းပိုင်ရှင် 'မစ္စတာကရိကလေ'တို့လင်မယားနှင့် သမီးမှာ ပင်လယ်ကမ်းနားသို့ သွား၍နေကြပါသည်။ ဤကဲ့သို့ ကျောင်းပိတ်ချိန်ကြီးတွင် ကျွန်တော့်အားပို့လိုက်ခြင်းမှာ ဒဏ်ပေးသည့် သဘောနှင့် ဖြစ်ဟန်တူပါသည်။ မစ္စတာမဲက ကျွန်တော့်အား ကျောင်းခန်းထဲသို့ ခေါ်သွားပါသည်။ ကျွန်တော် မြင်ဖူးသမျှ နေရာများအနက် ထိုကျောင်းခန်းမှာ စိတ်မချမ်းသာစရာ၊ ပျင်းစရာ အကောင်းဆုံးနေရာ ဖြစ်ပါသည်။ မစ္စတာမဲက

m.gyoe.com

ကျွန်တော့်ကိုထားခဲ့ပြီး ထွက်သွားသောအခါ ကျောင်းခန်းအထက်ဘက်သို့ ဖြည်းဖြည်းကလေး သွား၍ ကြည့်ပါသည်။ ကျွန်တော်သည် ရုတ်တရက် စားပွဲခုံပေါ်တွင် တင်ထားသော စက္ကူကတ်ပြားကြီးတစ်ခုကို တွေ့ပါသည်။ ထိုကတ်ပြားကြီးပေါ်တွင် 'သတိပြုပါ၊ ကိုက်တတ်သည်' ဟု ရေးထားသည်ကို ကျွန်တော် တွေ့ရပါသည်။

ကျွန်တော်သည် အောက်တွင် ခွေးကြီးတစ်ကောင်ရှိလိမ့်မည် ထင်၍ ကြောက်ပြီး စားပွဲခုံပေါ်သို့ တက်လိုက်ပါသည်။ ထိုနောက် မစ္စတာမဲ ပြန်ရောက်လာပြီး ကျွန်တော့်အား ထိုနေရာတွင် ဘာလာလုပ်နေသလဲဟု မေးပါသည်။

"ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော် ခွေးကြီးကို ရှာနေပါတယ်"ဟု ကျွန်တော်က ပြောပါသည်။

"ခွေး...ဘာခွေးလဲ"ဟု မစ္စတာမဲက မေးပါသည်။

"သတိပြုရမည် ဆိုတဲ့ ခွေးပါ ခင်ဗျား၊ ကိုက်တတ်တယ် ဆိုတဲ့ ခွေးပါ ခင်ဗျား"

"မဟုတ်ဘူး... (ဒေဗီ) ကော့ပါးဖီး၊ အဲဒါ ခွေးကို ပြောတာ မဟုတ်ဘူး၊ ကောင်ကလေးတစ်ယောက်ကို ပြောတာ။ အဲဒီစာကို သင့်ကျောမှာ ကပ်ထားရမယ်လို့ ငါ့ကို အမိန့်ပေးထားတယ် ကော့ပါးဖီး၊ သင့်အပေါ် ဒီလိုစပြီး လုပ်ရတဲ့အတွက်တော့ ငါ စိတ်မကောင်းပါဘူး၊ ဒါပေမင့် ငါတော့ ခိုင်းတဲ့အတိုင်းလုပ်ရမှာပဲ' ဟု မစ္စတာမဲက ကျွန်တော့်အား စားပွဲခုံပေါ်က အဆင်းခိုင်းပြီး ထိုကတ်ပြားကြီးကို ကျွန်တော့် နောက်ကျောပေါ်တွင် ချည်၍ထားပါသည်။ ကျွန်တော် ဘယ်ကိုသွားသွား ထိုကတ်ပြားကြီးကို ဆောင်၍ သွားရပါသည်။ ထိုကတ်ပြားကြီးကြောင့် ကျွန်တော် ဘယ်လို စိတ်ဆင်းရဲရသည်ကို မည်သူမျှ သိနိုင်မည် မဟုတ်ပါ။ ကျွန်တော်သည် ဘယ်နေရာသို့ ရောက်နေနေ ကျွန်တော့်ကျောကို တစ်စုံတစ်ယောက်က ကြည့်နေသည်ဟုသာ ထင်ပါသည်။

တစ်လလောက် ကြာသောအခါ မစ္စတာမဲက ထိုနေ့ညနေပင် မစ္စတာ ကရိကလေ ပြန်ရောက်လိမ့်မည်ဟု ပြောပါသည်။ အိပ်ရာဝင်ချိန် မရောက်မီပင် ကျွန်တော့်အား မစ္စတာ ကရိကလေထံသို့ ခေါ်သွားပါသည်။

မစ္စတာ ကရိကလေ ရှေ့သို့ ရောက်သွားသောအခါ ကျွန်တော့်မှာ အင်မတိအင်မတန် ကြောက်နေသဖြင့် မစ္စတာ ကရိကလေ၏ မိန်းမကိုလည်း မမြင်၊ သူ့သမီးကိုလည်း မမြင်တော့ဘဲ သူတစ်ယောက်တည်းကိုသာ မြင်ပါတော့သည်။

မစ္စတာ ကရိကလေသည် လူကြီးတစ်ယောက် ဖြစ်ပြီးလျှင် လက်တင်နှင့်

mgyoe.com

mgyoe.com  SAMPLE BOOK

ထိုင်ခုံပေါ်တွင် ထိုင်နေပါသည်။ သူ့ဘေးတွင် ဖန်ခွက်ကြီးကြီးတစ်လုံးနှင့် ပုလင်း တစ်လုံး ရှိပါသည်။

သူ မျက်နှာကြီးက နီ၍ သူ မျက်စိကလေးများက သေးသေးကလေးတွေ ဖြစ်ပြီး မျက်တွင်းကြီးများ ဟောက်နေပါသည်။ သူ့နဖူးပေါ်တွင် အကြောကြီးများ ကလည်း ပြိုင်းပြိုင်း ထနေပါသည်။ သူ့နှာခေါင်းကတော့ သေး၍ သူ့မေးစေ့ကြီး ကတော့ ကြီးပါသည်။ သူ့ခေါင်းတွင် ဆံပင်တစ်ပင်မျှ မရှိပါ။ ဘေးတစ်ဖက်တစ်ချက် တွင်သာ ဆံပင်ကျဲကျဲကို ဖြီးချထားပါသည်။ မစ္စတာ ကရိကလေနှင့် ပတ်သက်၍ ကျွန်တော် အကြောက်ဆုံးဖြစ်သောအရာမှာ အသံမထွက်ခြင်းနှင့် စကားကို လေသံ နှင့်ပြောခြင်း ဖြစ်ပါသည်။

"ဒီကို လာပါဦး ခင်ဗျာ"မစ္စတာ ကရိကလေက ကျွန်တော့်ကို ခေါ်ပါသည်။ ပြီးလျှင် "သင့်ပထွေးကို သိရတာ ငါ အင်မတန် ဝမ်းသာပါတယ်"ဟု လေသံနှင့် ပြောပြီးလျှင် ကျွန်တော့်နားရွက်ကို ဆွဲပါသည်။ ပြီးလျှင် ဆက်၍ "သင့်ပထွေးဟာ အင်မတန် သီလ သမာဓိနှင့် ပြည့်စုံတယ်။ သူကလည်း ငါ့အကြောင်းကို သိတယ်၊ ငါကလည်း သူ့အကြောင်းကို သိတယ်။ သင်ကော ငါ့အကြောင်းကို သိရဲ့လား… ဟင်" ဟု ပြောပြီးလျှင် ကျွန်တော်၏ နားရွက်ကို လိမ်ဆွဲပါသည်။

"မသိသေးပါဘူး ခင်ဗျား' ဟု ပြောပြီးလျှင် ကျွန်တော်သည် နာနာနှင့် နောက်သို့ တွန့်လိုက်ပါသည်။

"မကြာခင် သိရမှာပေါ့ကွာ၊ ဟုတ်တယ် မဟုတ်လား … ဟင်း"

ကျွန်တော်က အလွန် ထိတ်လန့်သွားပြီးလျှင် သူ့အကြောင်းကို မကြာမီ သိရလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောပါသည်။

"ငါ့အကြောင်းဟာ ဘယ်လိုဆိုတာ ပြောရတာပေါ့" ဟု ပြောပြီးလျှင် ကျွန်တော့်နားရွက်ကို လွှတ်လိုက်ပါသည်။ ပြီးလျှင် ဆက်၍ "ငါက စိတ် သိပ်ပြတ် သားတဲ့လူ၊ ငါ့ဝတ္တရားကို ငါလုပ်တယ်၊ အလုပ်တစ်ခုကို ငါလုပ်တော့မယ်ဆိုရင် မဖြစ် ဖြစ်အောင် လုပ်တယ်"ဟု လေသံနှင့် ပြောပါသည်။

"ယခု ငါ့အကြောင်းကို စပြီးသိရပြီ မဟုတ်လား မိတ်ဆွေကလေး၊ ကိုင်း… သွားချင်သွားနိုင်ပြီ"

သွားခွင့်ပြုလိုက်သဖြင့် ကျွန်တော် အများကြီး ဝမ်းသာသွားပါသည်။ သို့ရာတွင် ကျွန်တော့်မှာ ခွင့်ပန်စရာတစ်ခု ရှိနေပါသေးသည်။ ခွင့်မပန်ဘဲ မနေနိုင် ပါ။ ကျွန်တော့်ဟာ ကျွန်တော် ခွင့်ပန်ရဲသည်ကိုပင် အံ့ဩနေပါသည်။

mgyoe.com

 mgyoe.com SAMPLE BOOK 

"ကျွန်တော် ခွင့်ပန်ချင်တာတစ်ခု ရှိပါသည် ခင်ဗျား"

"အမယ်... ဘာများပါလိမ့်"ဟု မစ္စတာ ကရိကလေက လေသံဖြင့် ပြောပါသည်။

"ကျောင်းသားများ ပြန်မလာကြခင် ဤစာကို ဖြုတ်ခွင့် ပြုစေလိုပါသည် ခင်ဗျား၊ ကျွန်တော် ပြုမိတဲ့အပြစ်အတွက် ကျွန်တော် ဝမ်းနည်းပါသည် ခင်ဗျား" ဟု ကျွန်တော်က ထစ်ထစ်ငေါ့ငေါ့နှင့် ပြောပါသည်။

ထိုသို့ပြောလိုက်သောအခါ မစ္စတာ ကရိကလေသည် ထိုင်ခုံပေါ်မှ ဖြုန်း ခနဲထ၍ ကျွန်တော့်ကို လိုက်သဖြင့် ကျွန်တော်သည် နောက်သို့ ပြန်လှည့်မကြည့်ဘဲ ကျွန်တော် အခန်းသို့ ရောက်အောင် တစ်ခါတည်း တန်း၍ ပြေးပါသည်။ အခန်းထဲသို့ ရောက်သောအခါ ကျွန်တော့်မှာ နှစ်နာရီခန့် တုန်နေပါသည်။

နောက်နေ့နံနက်တွင် 'မစ္စတာယှပ်' ပြန်လာပါသည်။ မစ္စတာယှပ်သည် မစ္စတာမဲထက် ရာထူးကြီး၍ ဆရာအကြီးဆုံး ဖြစ်ပါသည်။ မစ္စတာယှပ်သည် ခြေမသန်ပါ။ သေးသွယ်၍ နှာခေါင်းကြီးပါသည်။ ကျောင်းသားထဲမှ ပထမဆုံး ပြန်ရောက်သူမှာ 'တွံမီထရက်ဒလေ' ဆိုသူ ဖြစ်ပါသည်။

ထရက်ဒလေ ပထမဆုံး ပြန်ရောက်လာခြင်းမှာ ကျွန်တော့်အတွက် ဝမ်းသာစရာ ဖြစ်ပါသည်။ ကျွန်တော့်ကျောပေါ်က စာကို အလွန်သဘောကျသဖြင့် ထရက်ဒလေသည် ပြန်ရောက်လာလာချင်း ကျောင်းသားအားလုံးကို ခေါ်၍ပြပါသည်။ "ဒီမှာ ကြည့်ကြစမ်းဟေ့၊ ပျော်စရာကြီး"ဟု ထရက်ဒလေက ပြောပါသည်။ အချို့ကျောင်းသားများက ကျွန်တော်သည် တကယ့်ခွေးဖြစ်သည့်ဟန်ဖြင့် ကျွန်တော့် နောက်ကျောကို လက်နှင့် ပုတ်ပြီးလျှင် "ဝပ်စမ်း၊ ဝပ်စမ်း" ဟု ပြောပါသည်။ သို့သော် အားလုံးကို ခြုံကြည့်လိုက်လျှင် ကျောင်းသားများက ကျွန်တော့်အပေါ် ပြုမူကြပုံမှာ ကျွန်တော် ထင်သလောက် မဆိုးပါ။

ကျွန်တော့်ကို 'ဂျေစတီယာဖို့' ဆိုသော အခြားကျောင်းသားတစ်ယောက် ရောက်လာပြီးနောက်မှသာ စည်းကမ်းတကျ ကျောင်းဝင်ခွင့်ပြုပါသည်။ ဂျေစတီယာဖို့သည် အင်မတန် စာတော်သည်ဟု သတင်းကြီးပါသည်။ လူကလည်း လူချော ဖြစ်ပါသည်။ ကျွန်တော့်ထက် အနည်းဆုံး အသက်ခြောက်နှစ်လောက် ကြီးပါသည်။ သူက ကျွန်တော့်ကို ခေါ်၍-

"ဒီမှာ ကော့ပါးဖီး၊ သင့်မှာ ပိုက်ဆံဘယ်လောက်ပါသလဲ" ဟု သူက မေးပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်က ခုနစ်သျှီလင် ပါကြောင်း ပြောပါသည်။

"ငါ့ကို ပေးထားပါလား၊ ငါ သိမ်းပေးမည်"ဟု သူက ပြောပါသည်။ ပြီးလျှင် ဆက်၍ "ဒါကတော့ သင် ပေးချင်မှ ပေးထားပါ၊ မပေးချင်ရင်လည်း ပေးထားဖို့ မလိုပါဘူး"ဟု ပြောပါသည်။

ကျွန်တော်က ပိုက်ဆံများကို သွက်လက်စွာ ပေးလိုက်ပါသည်။

"သင် အခု သုံးဖို့ လိုချင်သေးသလား" ဟု သူက မေးပါသည်။

"မလိုချင်ပါဘူး" ဟု ကျွန်တော်က ပြောပါသည်။

"သင်လိုချင်ရင် ပေးမယ်နော်၊ ဝိုင်အရက်တစ်ပုလင်းလောက် သင့်အိပ်ခန်း' ထဲမှာ သောက်ဖို့ လိုချင်လိုမယ်"ဟု စတီယာဖို့က ပြောပါသည်။

ကျွန်တော်က ဝိုင်အရက်ဝယ်သောက်ဖို့ အကြောင်းကို မစဉ်းစားမိခဲ့ပါ။ သူက စ၍ ပြောသောအခါ ကျွန်တော်က ဝိုင်ရည်တော့ ဝယ်သောက်ချင်သည်ဟု ပြောပါသည်။

"ကောင်းပြီ၊ ပြီးတော့ မုန့်ဝယ်စားဖို့ တစ်သျှီလင်လောက် ရှိရင်လည်း သင့်အဖို့ ကောင်းမှာပဲ။ ပြီးတော့ ဘီစကွတ်မုန့် ဝယ်စားဖို့က တစ်သျှီလင်၊ သစ်သီး ဝယ်စားဖို့က တစ်သျှီလင်လည်း သင် လိုချင်ဦးမှာပဲ' ဟု စတီယာဖို့က ပြောပါသည်။

သူက ပြုံးတာနှင့် ကျွန်တော်ကလည်း ပြုံးလိုက်ပါသည်။

"သင့်အတွက် ငါ တတ်နိုင်သလောက် ကြိုးစားပြီး ဆောင်ရွက်ပေးရမှာပဲ" ဟု စတီယာဖို့က ပြောပါသည်။

အပေါ် ထပ်သို့ ရောက်သွားကြသောအခါ စတီယာဖို့က ခုနစ်သျှီလင်ဖိုး လုံး မုန့်တွေ ဝယ်လာပြီး လရောင်ထိုးနေသော ကျွန်တော့်အိပ်ရာပေါ် တွင် ဖြန့်၍ တင်ထားပါသည်။

"ဟောဒီမှာဟေ့... တကယ့်ပွဲတော်ကြီးပါပဲ ကော့ပါးဖီးရေ" ဟု ပြောပြီးလျှင် စတီယာဖို့က စားစရာများကို အခြားကျောင်းသားများအား ဝေငှပေးပါသည်။ ထို သို့ စားကြရင်း ကျောင်းအကြောင်းနှင့် ပတ်သက်သော သတင်းစုံကို ကျွန်တော် ကြားရပါသည်။ မစ္စတာ ကရိကလေသည် တစ်သက်လုံး ကြိမ်လုံးကြီးတဝင့်ဝင့် လုပ်နေသူဖြစ်ကြောင်း၊ သူသည် အဖျင်းဆုံး ကျောင်းသားထက်ပင် ဖျင်းသေးကြောင်း တို့ကိုလည်း ကျွန်တော်သိရပါသည်။ ကျွန်တော့်စိတ်ထဲက အအံ့သြဆုံးအကြောင်းမှာ သူသည် စတီယာဖို့ကို ဘယ်တော့မှမရိုက်ရဲကြောင်း၊ သူ အရိုက်မခံရသည့် ကျောင်း သားမှာ စတီယာဖို့တစ်ယောက်သာ ရှိကြောင်းပင် ဖြစ်ပါသည်။

mgyoe.com

mgyoe.com

စားသောက်ပြီးသည့်နောက် ကျွန်တော် ကြားရသော အကြောင်းများကို ကျွန်တော့်စိတ်ထဲက တော်တော်နှင့် မမေ့နိုင်ပါ။ နောက်ဆုံးတွင် ကျွန်တော်တို့ အိပ်ကြပါသည်။

"အိပ်တော့မယ်ဟေ့ ကော့ပါးဖီးလေးရေ၊ သင့်ကို ငါ ကြည့်စောင့်ရှောက်ပါ့မယ်"ဟု စတီယာဖို့က ပြောပါသည်။

"သင်ဟာ သဘော အင်မတန် ကောင်းပါတယ်၊ သင့်ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"ဟု ကျွန်တော်က ပြောပါသည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

## (၅)

နောက်တစ်နေ့တွင် ကျွန်တော် ကျောင်းစတက်ရပါသည်။ မစ္စတာကရိကလေ လာသောအခါ စာသင်ခန်းထဲက ဆူညံနေသောအသံများ တစ်ခါတည်း တိတ်သွားပြီး သင်္ချိုင်းကုန်းလို ဖြစ်နေပါသည်။

"ကျောင်းသားတို့၊ ယခုအချိန်ဟာ ဒုတိယနှစ်ဝက် ဖြစ်ပါတယ်၊ သင်တို့အားလုံး သတိထားနေကြပါ၊ သင်ခန်းစာအသစ်များကို စိတ်ဓာတ်အသစ်များနှင့် သင်ကြပါ၊ ငါကလည်း အပြစ်ဒဏ်အသစ်ပေးပြီး သင်တို့ကို ဆုံးမပါမည်။ ငါဟာ လက်မနှေးဘူးနော်၊ အရိုက်ခံရရင် သင်တို့ ပွတ်နေပေမဲ့ အလကားပဲ၊ ငါရိုက်တဲ့ ကြိမ်ရာတွေဟာ ပွတ်ပစ်လို့ မပျောက်ဘူး။ ကိုင်း... သွားစာကျက်ကြ"ဟု မစ္စတာကရိကလေက ပြောပါသည်။

အဆိုပါ ကြောက်မက်ဖွယ်ကောင်းသောစကားကို ပြောပြီးနောက် မစ္စတာကရိကလေသည် ကျွန်တော် ထိုင်နေသည့် အနားသို့လာ၍ "သင်ဟာ ကိုက်လို့နာမည်ကျော်တဲ့အကောင်၊ ငါကလည်း ရိုက်လို့ နာမည်ကျော်တဲ့လူပဲကွ" ဟု ပြောပါသည်။ ပြီးလျှင် မစ္စတာ ကရိကလေက သူ့ကြိမ်ကို ကျွန်တော့်အား ထုတ်ပြပြီး သင့်သွားနှင့် ဤကြိမ်နှင့် ဘယ့်နှယ်နေပါမည်လဲ၊ သင့်သွားလို ထက်တာပဲ မဟုတ်လား၊ သင့်အသားထဲ မြုပ်သွားရဲ့လားဟု မေးပြီး တစ်ခွန်းမေးရင်း တစ်ချက်ရိုက်ရင်း ရိုက်ပါသည်။ ထိုအခါ ကျွန်တော်သည် မျက်ရည်များ ကျလာပါသည်။

mgyoe.com

စတီယာဖို့က ကျွန်တော့်အား စောင့်ရှောက်မြဲ စောင့်ရှောက်ပါသည်။ သို့ရာတွင် ကျွန်တော့်အပေါ် မစ္စတာ ကရိကလေက အငြိုးနှင့် လုပ်နေခြင်းကိုတော့ စတီယာဖို့က ကာကွယ်၍ မပေးနိုင်ပါ။ တစ်နည်းဆိုသော် ကာကွယ်၍ မပေးပါ။ မစ္စတာ ကရိကလေက လမ်းသွားရင်းနှင့် ကျွန်တော့်အား ရိုက်သောအခါ ကျွန်တော့် ကျောပေါ်က စက္ကူကဘ်ပြားခံနေသဖြင့် ထိုစက္ကူကတ်ပြားကို ဖယ်ရှားပစ်လိုက်ပါသည်။ ထိုအခါကစ၍ ထိုစက္ကူကတ်ပြားကို ကျွန်တော် မမြင်ရတော့ပါ။

မစ္စတာမဲကလည်း ကျွန်တော့်ကို ချစ်နေပြီး ကျွန်တော့်အား အကူအညီများစွာ ပေးပါသည်။ ထို့ကြောင့် သူ ကျေးဇူးကို ကျွန်တော် ဘယ်တော့မျှ မမေ့ပါ။ စတီယာဖို့သည် မစ္စတာမဲအပေါ်တွင် အလွန်ဆိုးပါသည်။ မစ္စတာမဲ စိတ်နှလုံးကို ထိခိုက်မည့် အလုပ်များကိုလည်း စတီယာဖို့က အမြဲလုပ်ပါသည်။ ပြီးလျှင် ကျောင်းသားများကိုလည်း မစ္စတာမဲ စကားကို နားမထောင်ရန် စတီယာဖို့က အမြဲတမ်း မြှောက်ပေးပါသည်။

စနေနေ့တစ်နေ့တွင် မစ္စတာမဲ စာသင်လှည့်ကျသောအခါ ကျောင်းခန်း တစ်ခန်းလုံး နားကွဲမတတ် ဆူညံနေပါသည်။

မစ္စတာမဲက ရုတ်တရက် ထလိုက်ပြီး "မဆူကြနဲ့၊ ဒါဟာ ဘာသဘောလဲ၊ ငါ့နားမခံနိုင်ဘူး၊ လွန်လွန်းတယ်။ ငါ့ကို စော်ကားနေကြတာလား"ဟု ပြောပါသည်။

ကျောင်းသားများသည် အကုန် ငြိမ်သွားပါသည်။ အချို့ကလည်း ရုတ်တရက် အံ့အားသင့်သွားကြပါသည်။ အချို့ကလည်း အနည်းငယ် ကြောက်သွားကြပါသည်။ အချို့ကလည်း အနည်းငယ် နောင်တရသွားကြပါသည်။

စတီယာဖို့၏နေရာမှာ စာသင်ခန်း၏ တစ်ဖက်ထိပ်ကဖြစ်ပါသည်။ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲတွင် နှိုက်ပြီးလျှင် စတီယာဖို့က နံရံကိုမှီ၍ မတ်တတ်ရပ်ပြီးလျှင် လေချွန်သည့်ဟန်ဖြင့် ပါးစပ်ကို စေ့ထားပါသည်။

"ဟေ့... စတီယာဖို့၊ မဆူနှင့်"ဟု မစ္စတာမဲက ပြောပါသည်။

"ခင်ဗျားလည်း မအူပါနှင့်၊ ခင်ဗျား စကားပြောရင် ကြည့်ပြောပါ' ဟု စတီယာဖို့က ပြောသည်။

"သင် ထိုင်လိုက်"ဟု မစ္စတာမဲက ပြောသည်။

"ခင်ဗျားလည်း ထိုင်လိုက်၊ ခင်ဗျား အလုပ်ကိုသာ ခင်ဗျား ဂရုစိုက်ပါ' ဟု စတီယာဖို့က ပြောသည်။

အချို့က တိုးတိုးတိုးတိုးလုပ်ပြီး အချို့က ဩဘာပေးကြသည်။ သို့ရာတွင်

mgyoe.com

mgyoe.com SAMPLE BOOK

မစ္စတာမဲသည် အလွန် စိတ်ဆိုးနေကြောင်းကို သိသဖြင့် တစ်တန်းလုံး ချက်ချင်း ငြိမ်သွားပါသည်။

"ဒီမှာ စတီယာဖို့ သင့်ကို ဦးစားပေးထားလို့ သင်က လူကြီးတစ်ယောက်ကို စော်ကားနိုင်တယ် ထင်မနေပါနှင့်" ဟု မစ္စတာမဲက ပြောသည်။

"ဘာပြောတယ်၊ ဘယ်သူက ဦးစားပေးတာလဲ" ဟု စတီယာဖို့က မေးသည်။

ထိုအခိုက်တွင် တစ်စုံတစ်ယောက်က "ဟော့... စတီယာဖို့ ... မရှက်ဘူးလား၊ သင်လုပ်ပုံဟာ လွန်လွန်းတယ်"ဟု အော်၍ ပြောလိုက်ပါသည်။ ထိုသူမှာ ထရက်ဒလေ ဖြစ်ပါသည်။

"သင့်ကို ဘယ်တုန်းကမှ ရန်မမူဖူးတဲ့လူတစ်ယောက်ကို စော်ကားခြင်းဟာ ယုတ်မာဆိုးရွားတဲ့ အမှုကို ကျူးလွန်တာနဲ့ အတူတူပဲ"ဟု မစ္စတာမဲက ဆက်၍ ပြောပါသည်။

"တိတ်စမ်းပါ"ဟု ပြောပြီးလျှင် စတီယာဖို့သည် မစ္စတာမဲဘက်သို့ သွားသည်။ ပြီးလျှင် ဆက်၍ "ခင်ဗျားကို တစ်ခါတည်းနှင့် နားရှင်းသွားအောင် ကျုပ် ပြောပြမယ်။ ခင်ဗျားက ကျုပ်ကို ယုတ်မာဆိုးရွားတယ်လို့ ပြောတာဟာ ခင်ဗျား ကိုယ်တိုင်က လူဝါးဝတဲ့ သူတောင်းစားမို့ ပြောတာ၊ ခင်ဗျားဟာ အမြဲ သူတောင်းစား လုပ်စားနေတဲ့လူပဲ၊ ဒါကြောင့် ခင်ဗျားဟာ လူဝါးဝတဲ့ သူတောင်းစားပဲ"ဟု ပြောပါသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ထရိုက်ကြတော့မလို ဖြစ်နေပါသည်။ ထိုနောက် တစ်တန်းလုံး တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်သွားပါသည်။ ထိုအခိုက်တွင် မစ္စတာကရိကလေ ကျွန်တော်တို့ အတန်းထဲသို့ ရောက်လာသည်ကို တွေ့ရပါသည်။ မစ္စတာမဲက တစ်ခဏတာမျှ ငြိမ်ပြီး ထိုင်နေပါသည်။

"မစ္စတာမဲ" ဟု ခေါ်ပြီးလျှင် မစ္စတာကရိကလေသည် မစ္စတာမဲအား လက်မောင်းကို ကိုင်၍လှုပ်ပြီးလျှင် "ခင်ဗျားကိုယ်တိုင် ခင်ဗျား ဘယ်သူဆိုတာတော့ သတိမမေ့သေးဘူး ထင်ပါရဲ့" ဟု ပြောပါသည်။

"မမေ့ပါဘူး ခင်ဗျား... မမေ့ပါဘူး၊ ကျွန်တော်ဟာ ကျွန်တော် ဘယ်သူဆိုတာ သိပါတယ်၊ ခင်ဗျားကလည်း ကျွန်တော့်ကို နည်းနည်းကလေးလောက် ပိုပြီး သတိရစေချင်ပါတယ်၊ အဲဒီလို ဆိုရင် ခင်ဗျားဟာ ကျွန်တော့်အပေါ်မှာ နည်းနည်း သက်ညှာရာကျပါလိမ့်မယ်၊ ကျွန်တော့်မှာလည်း နည်းနည်းသက်သာရာ ရနိုင်စရာ ရှိပါလိမ့်မယ်"ဟု မစ္စတာမဲက ပြောပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မစ္စတာကရိကလေသည် မျက်နှာထားဆိုးကြီးနှင့် မစ္စတာမဲကို စိုက်ကြည့်ပြီး မစ္စတာမဲ အနီးရှိ စာရေးခုံပေါ်တွင် ထိုင်လိုက်ပါသည်။ ပြီးလျှင် စတီယာဖို့ဘက်သို့ လှည့်၍ "ကိုင်းဆရာ... ဘယ်လိုဖြစ်တာလဲ၊ ဟိုတစ်ယောက်က မပြောတော့ ဆရာ့ကိုပဲ မေးရဦးမယ်' ဟု ပြောပါသည်။

စတီယာဖို့သည် ရန်သူကို စိတ်ဆိုးမာန်ဆိုးနှင့် ကြည့်ပြီး ဘာမျှမပြောဘဲ ငြိမ်နေသည်။

နောက်ဆုံးကျမှ "ဦးစားပေးထားတယ်လေး ဘာလေးနဲ့၊ ဘာလို့ သူက ပြောရတာလဲ"ဟု စတီယာဖို့က ပြောသည်။

မစ္စတာကရိကလေက မစ္စတာမဲဘက်သို့ လှည့်ပြီးလျှင် "ကိုင်း...ခင်ဗျားက ဘယ်လိုဆိုလိုတာလဲ ဆိုတာကို တစ်ဆိတ်ပြောစမ်းပါဦး"ဟု စိတ်ဆိုးစွာဖြင့် ပြောသည်။

"ဒီလိုပါ မစ္စတာကရိကလေ၊ ကျွန်တော် ဆိုလိုတာက မိမိကို ဦးစားပေးထားတာကို အကြောင်းပြုပြီး ဘယ်ကျောင်းသားကမှ ကျွန်တော့်ကို ဂုဏ်ယုတ်အောင် မလုပ်ထိုက်ဘူးလို့ ဆိုလိုပါတယ်"ဟု မစ္စတာမဲက လေသံဖြင့် ပြောပါသည်။

"သြော်... ခင်ဗျားကို ဂုဏ်ယုတ်အောင်လုပ်လို့လားဟု မစ္စတာ ကရိကလေက ပြောသည်။ ပြီးလျှင် ဆက်၍-

"ဖြစ်မှဖြစ်ပလေ ခင်ဗျာ၊ ကိုင်း... ကျွန်တော် တစ်ဆိတ်ကလေး မေးစမ်းပါရစေ၊ ဦးစားပေးတယ် ဘာတယ်တွေ ပြောတော့ ခင်ဗျားကကော ကျွန်တော့်ကို လေးစားရာကျပါသေးသလား။ ကျွန်တော်ဟာ ကျောင်းအုပ်ကြီးလည်း ဖြစ်ပါတယ်။ ခင်ဗျားကို အလုပ်ပေးထားတဲ့လူလည်း ဖြစ်ပါတယ်"ဟု ပြောသည်။

"ဒီလို ပြောမိတာဟာ လွန်တယ်ဆိုတာကို ကျွန်တော် ဝန်ခံပါတယ်၊ တကယ်ဆိုတော့ ကျွန်တော် ဒီလိုမပြောလိုက်ပါဘူး၊ ကျွန်တော့်စိတ်ကို မချုပ်တည်းနိုင်တာနဲ့ ပြောမိတာပါ' ဟု မစ္စတာမဲက ပြောပါသည်။

"ခင်ဗျားဟာ အဆင်ခြင်ရှိမယ်ဆိုရင် မပြောခင် စဉ်းစားဖို့ကောင်းတယ်၊ ခင်ဗျားနဲ့ ကျွန်တော် လမ်းခွဲချင်တယ်ဆိုရင်လည်း ခင်ဗျား သဘောအတိုင်းပါပဲ၊ ခွဲနိုင်ပါတယ်။ လမ်းခွဲကြမယ်ဆိုရင်လည်း မြန်မြန်ခွဲကြရင် ပိုကောင်းပါတယ်" ဟု မစ္စတာ ကရိကလေက ပြောပါသည်။

"အခုအချိန်ဟာ အကောင်းဆုံး အချိန်ပါပဲ" ဟု မစ္စတာ မဲက ပြောပါသည်။

"ဒါဖြင့်လည်း ခင်ဗျား ပြောတဲ့ အတိုင်းပါပဲ"ဟု မစ္စတာ ကရိကလေက

mgyoe.com

mgyoe.com SAMPLE BOOK

ပြောပါသည်။

"ကိုင်း... မစ္စတာကာရိကလေ၊ ကျွန်တော် သွားလိုက်ပါဦးမယ်၊ ကိုင်း ... အားလုံးပဲ သွားလိုက်ပါဦးမယ်"ဟု မစ္စတာမဲက ပြောပါသည်။ ပြီးလျှင် ဆက်၍ "ဒီမှာ ဂျေစတီယာဖို့ သင်လည်း ငါ့အပေါ်မှာ သင် အခုလို ပြုမူမိတဲ့အတွက် မကြာမီ ရှက်လာလိမ့်မယ်လို့ ငါ မျှော်လင့်ပါတယ်' ဟု ပြောပါသည်။

ထိုနောက် စာအုပ်နှစ်အုပ်၊ သုံးအုပ်ကိုယူပြီးလျှင် မစ္စတာမဲသည် ကျောင်းမှ ထွက်သွားပါသည်။ ထိုနောက် မစ္စတာကာရိကလေက ကျောင်းသားများကို စကား ပြောပါသည်။ တွဲမီထရက်ဒလေက မစ္စတာမဲ ထွက်သွားသည့်အတွက် ဩဘာ မပေးဘဲ ငိုနေသဖြင့် ထရက်ဒလေအား ကြိမ်လုံးနှင့် ရိုက်ပါသည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

(၆)

မျှော်တော်ဇောနှင့် မောခဲ့ရသော ကျောင်းပိတ်ရက်များသည် တဖြည်းဖြည်းနှင့် နီး၍နီး၍ လာခဲ့ပြီးလျှင် အိမ်သို့ပြန်ရန် လာမောက် မြင်းရထားပေါ်သို့ ကျွန်တော် ရောက်နေသောညသို့ ရောက်ခဲ့ပါသည်။

အိမ်သို့ရောက်လျှင် ရထားသမားသည် ကျွန်တော်၏သေတ္တာကို ဝင်းတံခါးဝတွင် ချခဲ့ပြီး ထွက်သွားပါသည်။ ကျွန်ုပ်တော်သည် အိမ်ပြတင်းပေါက်တစ်ခုခုမှ မစ္စတာမတ်စတုန်းတို့ မောင်နှမ တစ်ယောက်ယောက်က ထွက်၍ ကြည့်နေသည်နှင့်များ ကြုံနေမလားဟု ခြေလှမ်းတစ်လှမ်း လှမ်းတိုင်း ရင်တဖိုဖိုနှင့်ဖြစ်ကာ အိမ်ဘက်သို့ ဝင်သွားပါသည်။ သို့ရာတွင် ပြတင်းပေါက်၌ မည်သူ့ကိုမျှ မတွေ့ရပါ။ ကျွန်တော်သည် တံခါးကို မခေါက်ဘဲနှင့် ကြောက်လန့်စွာ တိတ်တိတ်ကလေး အိမ်ထဲသို့ ဝင်သွားပါသည်။

ကျွန်တော့် အမေက အသံ တိုးတိုးကလေးနှင့် သီချင်းဆိုနေသံကို ကြားရသောအခါ ကျွန်တော် နို့စို့ကလေးအရွယ်က အဖြစ်အပျက်များကို ပြန်၍ သတိရပါသည်။ ကျွန်တော်က အခန်းထဲသို့ ခြေသံမကြားအောင် ဝင်သွားပါသည်။ ကျွန်တော့်အမေသည် မီးဖိုနားတွင် နို့စို့ရွယ် ကလေးလေးတစ်ယောက်ကို နို့တိုက်နေပါသည်။ ကလေးလေး၏ လက်ကလေးကို အမေက ကိုင်၍ သူ့လည်ပင်းနားမှာ ကပ်ထားပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်က နှုတ်ဆက်လိုက်သောအခါ ကျွန်တော့်အမေက လှည့်ကြည့်ပြီး လန့်သွားပါသည်။ သို့ရာတွင် ကျွန်တော့်ကို မြင်သောအခါ ဒေဗီလေး၊ သားသား ဟု ခေါ်ပါသည်။ ပြီးလျှင် ကျွန်တော့်ကို နမ်းပါသည်။ ထိုနောက် ပက်ဂေါ်တီ ပြေးထွက်လာပြီး ကျွန်တော်တို့နှစ်ယောက် အနားမှာ ခုန်ပေါက်နေပါသည်။

မစ္စတာ မတ်စတုန်းတို့ မောင်နှမသည် အပြင်သို့သွားကြပြီး ညကျမှ ပြန်လာကြမည်ဟု ထင်ရပါသည်။ ကျွန်တော်တို့ သုံးယောက်သည် ဤကဲ့သို့ အေးအေးလူလူ တွေ့ရလိမ့်မည်ဟု ဘယ်တော့မျှ ကျွန်တော့်စိတ်ထဲက မမျှော်လင့်မိခဲ့ပါ။

ကျွန်တော်တို့သည် သုံးယောက်သား မီးဖိုနားတွင် ညစာ အတူတူစားကြပါသည်။ ပက်ဂေါ်တီကိုလည်း အမေက ကျွန်တော်နှင့် အတူစားခွင့် ပြုပါသည်။

ကျွန်တော်က ကျွန်တော်တို့ ကျောင်းဆရာ မစ္စတာ ကရိကလေဟာ အင်မတန်ဆိုးကြောင်းကို ပြောပြပါသည်။ သူတို့က ကျွန်တော့်ကို အလွန် သနားကြပါသည်။ စတီယာဖို့ဟာ အင်မတန် သဘောကောင်းကြောင်းကို ကျွန်တော်က ပြောပြသောအခါ ပက်ဂေါ်တီက စတီယာဖို့ကို တွေ့ဖို့ဆိုလျှင် မိုင်နှစ်ဆယ် သုံးဆယ် ခြေကျင်လျှောက်ချင် လျှောက်ရပေစေ၊ သူ သွားတွေ့ချင်ပါသည်ဟု ပြောပါသည်။ သည်ကလေးငယ်ကလေး အိပ်ရာက နိုးသောအခါ ယူ၍ ချီပါသည်။ ဤကဲ့သို့ ပျော်ပျော်ရွှင်ရွှင် နေရသည့်အခါ မစ္စတာ မတ်စတုန်းတို့ မောင်နှမမှာ မီးကျီးခဲ ရဲရဲထဲတွင် ပေါ်နေသော ပန်းချီရုပ်ပုံများကဲ့သို့ မီးအေးသွားသည်နှင့် တစ်ပြိုင်နက် ပျောက်ကွယ်သွားကြလိမ့်မည်ကဲ့သို့ပင် ကျွန်တော် စိတ်ကူးကြည့်မိပါသည်။ ထိုနေ့က သားအမိတစ်တွေ ပျော်ပျော်နေခဲ့ရပုံကို ကျွန်တော်သည် မည်သည့်အခါတွင်မျှ မေ့မည် မထင်ပါ။

ကျွန်တော်တို့သည် ညဆယ်နာရီအချိန်ကျမှ အပြင်က မြင်းရထားလာသံ ကြားရပါသည်။ ကျွန်တော့်အမေက ညဥ့်နက်လှပြီ မစ္စတာ မတ်စတုန်းတို့ မောင်နှမက ကလေးများ ညဥ့်နက်အောင် နေတာကို မကြိုက်ဘူး။ ထို့ကြောင့် ကျွန်တော့်အား မြန်မြန်သွားအိပ်လျှင် ကောင်းလိမ့်မည်ဟု သုတ်သီးသုတ်ပျာ ပြောပါသည်။ ကျွန်တော်သည် အမေ့ကို နမ်းပြီးလျှင် သူတို့ အိမ်ထဲရောက်မလာခင် အိမ်ပေါ်သို့တက်၍ အိပ်ပါသည်။ နောက်တစ်နေ့နံနက်တွင် ကျွန်တော်သည် နံနက်စာ စားရမှာ မျက်နှာပူနေပါသည်။ သို့ရာတွင် ရှောင်လွှဲနေ၍ မရပါ။

ဧည့်ခန်းထဲသို့ ကျွန်တော် ဝင်လာသောအခါ မစ္စတာမတ်စတုန်းက ကျွန်တော့်အား စိုက်၍ ကြည့်ပါသည်။ သို့ရာတွင် တစ်ချိန်တုန်းက အဖြစ်အပျက်ကို

mgyoe.com

mgyoe.com SAMPLE BOOK

သတိရသည့်လက္ခဏာ မပြပါ။

ကျွန်တော်က သူ့ဆီသို့သွား၍ "ကျွန်တော် အပြစ်ပြုမိတဲ့အတွက် ဝမ်းနည်းပါတယ် ခင်ဗျား၊ ကျွန်တော့်ကို ခွင့်လွှတ်ရန် တောင်းပန်ပါသည်" ဟု ပြောပါသည်။

"သင် နောင်တရတယ် ဆိုတာ ကြားရလို့ ငါဝမ်းသာတယ် ဒေးဗစ်"ဟု ပြောပြီးလျှင် လက်ဆွဲနှုတ်ဆက်ရန် သူ့လက်ကို ပေးပါသည်။ ထိုလက်မှာ ကျွန်တော် ကိုက်ဆွဲထားသောလက် ဖြစ်ပါသည်။

မစ္စမတ်စတုန်းက "ကျောင်း ဘယ်နှရက် ပိတ်သလဲ" ဟု ကျွန်တော့်ကို မေးပါသည်။

"ဒီနေ့က စပြီး တစ်လပါ" ဟု ကျွန်တော်က ပြောပါသည်။

"အို ... ဒီကနေ့ တစ်ရက်ရှိပြီပေါ့"ဟု မစ္စမတ်စတုန်း ပြောပါသည်။

မစ္စမတ်စတုန်းက ဤနည်းအတိုင်းပင် ကျွန်တော်၏ ကျောင်းပိတ်ရက်များကို နံနက်တိုင်း နံနက်တိုင်း မှတ်မှတ်ထားပါသည်။ တိုတိုပြောရမယ်ဆိုလျှင် မစ္စမတ်စတုန်းသည် ကျွန်တော့်ကို သဘောမကျပါ။ အိမ်သားအားလုံးသည် ကျွန်တော့်ကြောင့် အနေရ ကျပ်ကြသည်ဟုလည်း ကျွန်တော် သဘောရပါသည်။ ကျွန်တော့်ကို ချစ်ခင်သူများက သူတို့၏ ချစ်ခင်ကြောင်းကို မပြဝံ့ကြပါ။ ကျွန်တော့်ကို မချစ်ခင်ကြသူများကမူ သူတို့၏ မချစ်ခင်ကြောင်းကို သိသိသာသာကြီး ပြကြလွန်းအားကြီးသဖြင့် ကျွန်တော့်မှာ မနေရဲမထိုင်ရဲ ဖြစ်ပြီးလျှင် ပျင်းရိ၍ လာပါသည်။

ဤနည်းဖြင့် ကျွန်တော်၏ ကျောင်းပိတ်ရက်များ ကုန်သွားပြီးလျှင် တစ်နေ့ နံနက်တွင် မစ္စမတ်စတုန်းက "ဒီနေ့ဟာ နောက်ဆုံးနေ့ပဲ" ဟု ပြောပါသည်။

ကျွန်တော်သည် သွားရမည့်အတွက် ဝမ်းမနည်းပါ။ ကျွန်တော်သည် စတီယာဖို့ကို တွေ့ချင်နေပါသည်။ မြင်းရထားသည် ကျွန်တော်တို့ ဝင်းတံခါးဝသို့ ရောက်လာပြန်ပါပြီ။ ကျွန်တော့်အမေက ကျွန်တော့်အား နှုတ်ဆက်ရန် ကုန်းလိုက်သောအခါ "ဒီမှာ ကလာရာ" မစ္စမတ်စတုန်း သတိပေးသောအသံဖြင့် ပြောပြန်ပါသည်။

❑

ကျောင်းတွင်နေရင်းနှင့် မတ်လထဲတွင် ကျွန်တော့်မွေးနေ့ ရောက်လာပါသည်။ ထိုနေ့ကို ကျွန်တော် တစ်သက်လုံး မမေ့နိုင်ပါ။ ထိုနေ့တွင် နှင်းများ [illegible]ည်း ပိတ်၍ နေပါသည်။ နှင်းများ ပိတ်နေသဖြင့် တစ်မနက်လုံး ဖယောင်းတိုင်များ

mgyoe.com

mgyoe.com
SAMPLE BOOK

ထွန်းထားရပါသည်။ ကျောင်းသားကလေးများ၏ ပါးစပ်မှလည်း အငွေ့တထောင်းထောင်း ထ၍ နေပါသည်။ သူတို့၏ ခြေသံများကိုလည်း ကျွန်တော် ကြားယောင်နေပါသည်။

နံနက်စာစားအပြီးတွင် မစ္စတာယှပ်က ကျွန်တော့်ဆီလာပြီးလျှင် "ဒေးဗစ်ကော့ပါးဖီး ဧည့်ခန်းသို့ လာခဲ့ပါ"ဟု ပြောပါသည်။

ဧည့်ခန်းတွင် မစ္စတာ ကရိကလေသည် ကြိမ်ကို ကိုင်ပြီးလျှင် နံနက်စာစားနေပါသည်။ သူ့ရှေ့တွင် သတင်းတစ်စောင် ရှိပါသည်။ မစ္စတာ ကရိကလေ၏ ဇနီး လက်ထဲတွင် ဖွင့်ထားသော စာအုပ်တစ်ခု ရှိပါသည်။

"ဒီမှာ ဒေးဗစ်ကော့ပါးဖီး"ဟု မစ္စတာကရိကလေ၏ ဇနီးက ခေါ်၍ ကျွန်တော့်အား ထိုင်ခုံတစ်ခု ပေးပြီးလျှင် သူကိုယ်တိုင်ကလည်း ကျွန်တော်၏ ဘေးတွင် ထိုင်ပါသည်။ ပြီးလျှင် "သင့်ကို ငါ ပြောစရာရှိတယ် ကလေးရယ်"ဟု ဆက်၍ ပြောပါသည်။

ကျွန်တော်က သူ့မျက်နှာကို ကြည့်နေပါသည်။

"ငါပြောရမှာ စိတ်မကောင်းလိုက်တာ"ဟု ပြောပြီးလျှင် မစ္စတာကရိကလေ၏ ဇနီးက "သင့်အမေ အပြင်းအထန် ဖျားနေတယ်လို့ ငါ ဒီနေ့မနက်ပဲ သတင်းရတယ်" ဟု ပြောပါသည်။

ထိုအခါ ကျွန်တော်သည် မျက်ရည်များ လည်လာပြီးလျှင် ပါးပေါ်သို့ စီးကျလာပါသည်။

"သင့်အမေဟာ အတော်ကို ဖျားနေတယ်"ဟု မစ္စတာ ကရိကလေ၏ ဇနီးက ထပ်၍ ပြောပါသည်။

ထိုအခါ အကြောင်းမှန်ကို ကျွန်တော် သိသွားပါသည်။

"သင့်အမေ သေပြီ"

ကျွန်တော်သည် အော်ဟစ်၍ ငိုပါသည်။ ကျွန်တော်သည် ကျယ်ဝန်းသော လောကကြီးထဲ၌ မိဘမဲ့အဖြစ်သို့ ရောက်ပါပြီ။

မစ္စတာ ကရိကလေ၏ ဇနီးသည် ကျွန်တော့်အပေါ်၌ ကြင်နာပါသည်။ ကျွန်တော့်ကို တစ်နေ့လုံး သူ့အနားမှာ နေစေပါသည်။ တစ်ခါတစ်ရံလည်း ကျွန်တော့်ကို တစ်ယောက်တည်း ထားခဲ့ပါသည်။ ကျွန်တော်သည် တငိုတည်း ငိုနေသဖြင့် မောပြီး အိပ်ပျော်သွားပါသည်။

ကျွန်တော်သည် ဆာလင်ကျောင်းမှ နောက်နေ့ညနေတွင် ညထွက်

mgyoe.com

mgyoe.com SAMPLE BOOK

မြင်းရထားနှင့်ထွက်ခဲ့ပြီးလျှင် ယာမောက်သို့ နောက်တစ်နေ့နံနက် ကိုးနာရီမထိုးခင် ရောက်ပါသည်။ ကျွန်တော်သည် ကျွန်တော်တို့ အိမ်ဘက်သို့သွားရန် မြင်းရထားကို ရှာပါသည်။ ရထားပေါ်သို့ ရောက်သောအခါ ရထားသမားက သူလည်း အမေ့ သတင်းကို ကြားပြီးပါပြီဟု ပြောပါသည်။

"ကျွန်တော့်ညီကလေး ဘယ်လိုနေပါသတဲ့လဲခင်ဗျာ" ဟု ကျွန်တော်က မေးပါသည်။

"သင့်ညီလေးဟာ သင့်အမေ ရင်ခွင်ထဲမှာပေါ့"ဟု ရထားသမားက ပြောပါသည်။ ပြီးလျှင် "သိပ်လည်း ပူမနေပါနှင့်။ ဟုတ်တယ်၊ သင့်ညီလေးလည်း သေပြီ" ဟု ဆက်၍ ပြောပါသည်။

ကျွန်တော်မှာ တစ်ပူပေါ် နှစ်ပူဆင့်နေပါပြီ။ ကျွန်တော်သည် အခြားသူများ နှင့် ဝေးရာသို့ ရွှေ့၍ထိုင်ပြီးလျှင် ရထားထောင့်ကလေးထဲတွင် ခေါင်းလှဲ၍ နေပါ သည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# (၇)

မသာချပြီးသည့်နေ့တွင် မစ္စမတ်စတုန်း၏ ပထမဆုံးလုပ်ငန်းမှာပက်ဂေ့တီအား အလုပ်ထွက်ရန် တစ်လ နို့တစ်ပေးလိုက်ခြင်း ဖြစ်သည်။

ကျွန်တော်သည် အရဲစွန့်၍ မစ္စမတ်စတုန်းအား ကျွန်တော် ဘယ်နေ့ကျောင်းပြန်သွားရမလဲ ဟု မေးပါသည်။ မစ္စမတ်စတုန်းက ကျွန်တော့်အား ကျောင်းပြန်မသွားရတော့ဘူး ဟု ပြောပါသည်။ ထို့အပြင် ဘာမျှမပြောပါ။

တစ်နေ့တွင် ပက်ဂေ့တီက ကျွန်တော့်အား "ကလေးရေ... ငါလည်း စိတ်ကူးရသလောက်၊ တတ်နိုင်သလောက် ဖြစ်နိုင်တဲ့ နည်းလမ်းရော၊ မဖြစ်နိုင်တဲ့ နည်းလမ်းရော နည်းအမျိုးမျိုးနဲ့ သည်ဗလက်စတုန်းမြို့မှာ အလုပ်ရဖို့ ကြိုးစားတာပဲ။ ဒါပေမဲ့ ဘာအလုပ်မှ ရှာလို့မရဘူး ကလေးရယ်" ဟု ပြောပါသည်။

"ဒီတော့ ပက်ဂေ့တီက ဘယ်လိုလုပ်မယ် ကြံသလဲ" ဟု ကျွန်တော်က ညှိုးငယ်စွာ မေးပါသည်။

"ယာမောက်မြို့ကို ပြန်ပြီး နေရတော့မှာပေါ့"ဟု ပက်ဂေ့တီက ပြောပါသည်။

"ဒီလိုဆိုရင် သင်ဟာ ကျွန်တော်နဲ့ သိပ်မဝေးသေးဘူးပေါ့ ပက်ဂေ့တီရယ်" ဟု ကျွန်တော်က အနည်းငယ် ဝမ်းသာလာပြီး ပြောပါသည်။ ပြီးလျှင် "တစ်ခါတလေကျတော့ အဲဒီကိုလာပြီး ကျွန်တော် လာတွေ့မှာပေါ့" ဟု ဆက်၍ပြောပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ပထမဆုံး ငါ့အစ်ကိုဆီကို ငါသွားမယ်"ဟု ပက်ဂေါ့တီက ပြောပါသည်။ ပြီးလျှင် ဆက်၍ "ပြီးတော့ သင့်ကိုပါ ငါနှင့်အတူ အလည်ခေါ်သွားနိုင်ဖို့ ငါကြံနေတယ်" ဟု ပြောပါသည်။

ကျွန်တော်နှင့် ပက်ဂေါ့တီတို့ စကားပြောနေစဉ်တွင် မစ္စမတ်စတုန်း ရောက်လာပါသည်။ ပက်ဂေါ့တီက ကျွန်တော့်အား သူနှင့် အလည်ခေါ်သွားချင်သည် ဆိုသော အကြောင်းကို မစ္စမတ်စတုန်းအား တစ်ခါတည်း ရဲရဲကြီး ဖွင့်ပြောလိုက်ပါသည်။ ပက်ဂေါ့တီသည် ရဲလွန်းလှသဖြင့် ကျွန်တော်တောင် အံ့အားသင့်သွားပါသည်။

"အဟမ်း"ဟု မစ္စမတ်စတုန်းက ချောင်းဟန့်ပြီးလျှင် "ဒီကိစ္စနဲ့ ငါ့အစ်ကိုကို သွားပြီး အနှောင့်အယှက်ပေးဖို့ မသင့်ဘူး၊ ဒီကိစ္စကို ငါကပဲ ခွင့်ပြုလိုက်မယ်" ဟု ပြောပါသည်။

လကုန်သောအခါ ပက်ဂေါ့တီနှင့် ကျွန်တော်တို့သည် သွားဖို့ရာ အသင့် ပြင်ဆင်ထားကြပါသည်။ ပက်ဂေါ့တီမှာ သူ နှစ်ရှည်လများ နေလာခဲ့သည့်အိမ်မှ ထွက်ခွာရတော့မည် ဖြစ်သဖြင့် စိတ်မကောင်း ဖြစ်နေပါသည်။ ပက်ဂေါ့တီသည် ရထားပေါ် သို့ တက်၍ထိုင်ပြီးလျှင် မျက်ရည်များကို လက်ကိုင်ပဝါနှင့် တသုတ်တည်း သုတ်၍ နေပါသည်။

မစ္စတာပက်ဂေါ့တီနှင့် ဟမ်တို့သည် ယခင် စောင့်မြဲနေရာမှ စောင့်၍ နေကြပါသည်။ ကျွန်တော်တို့သည် မစ္စတာပက်ဂေါ့တီ အိမ်ကို လှမ်း၍ မြင်ရပါပြီ။ မစ္စတာ ပက်ဂေါ့တီ၏ အိမ်မှာ ယခင်က အတိုင်းပင် ဖြစ်ပါသည်။ မစ္စက်ဂမ်းဗိတ်က တံခါးဝမှ စောင့်နေပါသည်။ ဧမိလီကလေးကိုတော့ မတွေ့ရပါ။ ကျောင်းသွားနေသည်ဟု မစ္စပက်ဂေါ့တီက ပြောပါသည်။ ဧမိလီ ပြန်လာမည့်လမ်းကို ကျွန်တော် သိပါသည်။ မကြာမီပင် ကျွန်တော်သည် ထိုလမ်းကိုလျှောက်ပြီး ဧမိလီကို ကြိုနေပါသည်။

ဧမိလီသည် နီးကပ်၍ လာသောအခါ ကျွန်တော့်စိတ်ထဲတွင် တစ်မျိုး ဖြစ်လာသဖြင့် ကျွန်တော်က တခြားတွင် တစ်ခုခုကို ကြည့်ချင်ယောင်ဆောင်ပြီး သူ့ကို မသိသလို လုပ်နေပါသည်။ ဧမိလီကလေးက ကျွန်တော်၏ အပြုအမူကို လုံးဝ ဂရုမစိုက်ပါ။ သူက ကျွန်တော့်ကို မြင်သဖြင့် ရယ်ပြီးထွက်ပြေးပါသည်။ သူက သည်လိုလုပ်တော့ ကျွန်တော်က သူ့နောက်ကို ပြေးလိုက်သွားပါသည်။ အိမ်နား သို့ ရောက်ခါနီးတွင် သူ့ကို ကျွန်တော် မိပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဩော်.. သင်လား၊ ဘယ်သူလဲလို့" ဟု ဧမိလီက ပြောပါသည်။ ကျွန်တော်က သူ့နှုတ်ခမ်းကလေးကို စုပ်မည်လုပ်ပါသည်။ သူက နီရဲနေသော သူ့နှုတ်ခမ်းကလေးကို ဖုံးထားပါသည်။ ပြီးတော့ သူဟာ ကလေးကလေး မဟုတ်တော့ဘူးဟု ပြောပါသည်။

သို့ရာတွင် ဧမိလီသည် အင်မတန် ဖော်ရွေပြီး အမူလည်းများ၊ ရှက်လည်း ရှက်တတ်သဖြင့် ကျွန်တော်က သူ့ကို ယခင်ကထက် ပိုပြီး သဘောကျလာပါသည်။ ကျွန်တော်တို့သည် မီးဖိုနားတွင် ထိုင်၍ လက်ဖက်ရည်သောက်ကြပြီးလျှင် ကျွန်တော်က ဆာလင်ကျောင်းဆောင်အကြောင်းနှင့် အထူးသဖြင့် စတီယာဖို့ အကြောင်းကို သူတို့အား ပြောပြပါသည်။

"စတီယာဖို့က အလွန်ချောတယ်၊ ပြီးတော့ စိတ်သဘောလည်း အင်မတန်ကောင်းတယ်၊ သူ့အကြောင်းကို ချီးမွမ်းရမယ်ဆိုရင် ကုန်နိုင်မှာမဟုတ်ဘူး" ဟု ကျွန်တော်က မရပ်မနားပြောပြီး ဧမိလီမျက်နှာကို စိုက်ကြည့်မိပါသည်။ ဧမိလီက သိပ်စိတ်ဝင်စားပြီး နားထောင်နေရာ သူ့မျက်လုံး ပြာပြာကလေးများမှာ ကျောက်ကောင်း ရတနာများလို တလက်လက် တောက်နေပါသည်။ ပြီးလျှင် သူ့မျက်နှာက ရှက်ကိုးရှက်ကန်း ဖြစ်လာပါသည်။ ကျွန်တော်က အံ့အားသင့်ပြီး စကားပြော ရပ်လိုက်ပါသည်။ ထိုအခါ အားလုံးက ရယ်ပြီး ဧမိလီကို ဝိုင်းကြည့်ကြပါသည်။

"ဧမိလီက ငါ့လိုပဲ စတီယာဖို့ကို တွေ့ချင်တယ်"ဟု ပက်ဂေါ့တီက ပြောပါသည်။

ကျွန်တော်တို့က ဝိုင်းကြည့်ကြသဖြင့် ဧမိလီမှာ မနေတတ်မထိုင်တတ်ဖြစ်နေပြီး ခေါင်းငုံ့၍ သူ့မျက်နှာလည်း နီ၍ လာပါသည်။ သူ့မျက်နှာပေါ်တွင် ကျနေသော ဆံပင်များကြားမှ ချောင်းကြည့်ပြီး ကျွန်တော်တို့အားလုံးက သူ့ကို ဝိုင်းကြည့်နေမှန်း သိသောအခါ ဧမိလီက ထွက်ပြေးပြီး ညအိပ်ခါနီးကျမှ ပြန်လာပါသည်။

အချိန်သည် လျင်မြန်စွာ ကုန်သွားလေရာ ကျွန်တော်သည် ချစ်ခင်ကြင်နာ[illegible]ကင်းသော ကျွန်တော်၏အိမ်သို့ပြန်ရောက်လာပါသည်။ သည်တစ်ခါ အိမ်အပြန်တွင် ပက်ဂေါ့တီသည် မရှိတော့ပါ။

ကျွန်တော်သည် စိတ်ညစ်ညစ်နှင့် ကျွန်တော်တို့ အိမ်နားက လမ်းကွေ့ကို ချိုးလိုက်သောအခါ မစ္စတာမတ်စတုန်းနှင့် လူကြီးတစ်ယောက် လမ်းလျှောက်လာကြသည်ကို တွေ့ရပါသည်။ ကျွန်တော်က သူတို့နှစ်ယောက်အနားက ဖြတ်၍ သွား

mgyoe.com SAMPLE BOOK

သောအခါ အဆိုပါ လူကြီးက "ဟော့ ... ဒေဗီဂျုံးပါလား" ဟု ကျွန်တော့်ကို ပြောပါသည်။

"ဒေဗီဂျုံး မဟုတ်ပါဘူး ခင်ဗျာ၊ ဒေးဗစ်ကော့ပါးဖီးပါ"ဟု ကျွန်တော်က ပြောပါသည်။

"အမယ်.... ငါသိပါတယ်၊ သင်ဟာ ဒေဗီဂျုံးပါ"ဟု ထိုလူကြီးက ပြောပါသည်။

သူက ရယ်လိုက်သဖြင့် ထိုလူကြီးမှာ ကျွန်တော်နှင့် မစ္စတာမတ်စတုန်းတို့ လောဝက်စတောက်ကို သွားစဉ်က တွေ့ခဲ့သော မစ္စတာကွင်နိယန် ဖြစ်သည်ကို သိရပါသည်။

သူက ကျွန်တော့်ပခုံးကို ကိုင်ပြီးလျှင် ကျွန်တော်၏ ပညာသင်ကြားရေးကို မေးပါသည်။ ကျွန်တော်က ဘာပြန်ပြောရမှန်း မသိသဖြင့် မစ္စတာမတ်စတုန်း မျက်နှာကို ကြည့်နေပါသည်။

"အခု သူ အိမ်မှာပဲ နေတယ်၊ ဘယ်ကျောင်းမှ မနေဘူး၊ သူက လူခက်ကလေးပဲ' ဟု မစ္စတာမတ်စတုန်းက ကျွန်တော့်ကိုယ်စား ပြောပါသည်။

ထိုနေ့ညက မစ္စတာ ကွင်နိယန်သည် ကျွန်တော်တို့ အိမ်၌ အိပ်ပါသည်။ နောက်နေ့ နံနက်စာ စားပြီးတွင် ကျွန်တော်က အခန်းထဲမှ ထွက်သွားသောအခါ မစ္စတာ မတ်စတုန်းက ကျွန်တော့်ကို ခေါ်ပါသည်။ မစ္စတာ ကွင်နိယန်မှာ သူ့လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲတွင် ထည့်ပြီးလျှင် မတ်တတ်ရပ်၍ ပြတင်းပေါက်မှ ကြည့်နေပါသည်။

"ဒီမှာ ဒေးဗစ်၊ ဒီလောကကြီးဟာ လူငယ်များအဖို့ အလုပ်လုပ်စရာနေရာကြီး ဖြစ်တယ်၊ အချိန်ဖြုန်းနေရမယ့်နေရာ မဟုတ်ဘူး၊ ငါကလည်း လူချမ်းသာ မဟုတ်ဘူး။ ပညာသင်ရတာကလည်း စရိတ်အင်မတန်ကြီးတယ်၊ စရိတ်မကြီးဘူးပဲ ထားဦးတော့ သင့်ကို ကျောင်းထားလို့ အကျိုးရှိမှာ မဟုတ်ဘူး။ ဒါကြောင့် သင်ဟာ လောကစစ်ပွဲကြီးကို တိုက်ရမယ်၊ မြန်မြန်စတိုက်ရင် ပိုပြီး ကောင်းတာပဲ" မစ္စတာမတ်စတုန်းက ကျွန်တော့်ကို ပြောပါသည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# (၈)

မတ်စတုန်းနှင့် ဂရင်ဗီတို့၏ကုန်ရုံသည် ဗလက်ဖရိုင်းယားအရပ် ကမ်းနားတွင် ရှိသည်။ ထိုကုန်ရုံသည် စိတ်ပျက်စရာကောင်းသော အိမ်အိုကြီးဖြစ်၍ ရေတက်သည့်အခါတွင် ရေထဲသို့ ထိုးထွက်နေပြီးလျှင် ရေကျသည့်အခါတွင် ဘေးမှ ရွှံ့များဝိုင်းနေသည်။ ကြမ်းများနှင့် လှေကားသည် ဆွေးနေသည်။ အခန်းများထဲတွင် တကျွိကျွိနှင့် ကြွက်ကြီးများက လူးလာခေါက်တုံ့ လျှောက်နေကြသည်။ ထိုကုန်ရုံ၏ ညစ်ပတ်ပေရေခြင်းကို ကျွန်တော် မည်သည့်အခါမျှ မေ့နိုင်မည် မဟုတ်ပါ။

ကျွန်တော်၏ အလုပ်မှာ ပုလင်းလွတ်များကို အလင်းရောင်တွင် ထောင်ကြည့်၍ အကွဲအနာပါသော ပုလင်းများကို ဖယ်ရှားပြီးလျှင် ကောင်းသော ပုလင်းများကို ဆေးကြောရန် ဖြစ်ပါသည်။ ပုလင်းလွတ်များ ကုန်သွားသောအခါ ဝိုင်အပြည့်ထည့်ထားသော ပုလင်းများကို တံဆိပ်များကပ်၍ ဘူးဆို့များ ဆို့ပြီးလျှင် ပုလင်းများကို ထုပ်ရပိုးရပါသည်။

ပထမနေ့ တစ်နာရီခွဲအချိန်တွင် မစ္စတာ ကွင်နိယန်က သူ့အလုပ်ခန်းပြတင်းပေါက်ကို ခေါက်၍ ကျွန်တော့်အား ဝင်ခဲ့ရန် ခေါ်ပါသည်။ အခန်းထဲသို့ ရောက်သွားသောအခါ အင်္ကျီအညို၊ ဘောင်းဘီအနက်ကို ဝတ်၍ ဖိနပ်အနက်ကို စီးထားသော အသက်လေးဆယ်ကျော်၊ ငါးဆယ်တွင်း တုတ်တုတ်ခန့်ခန့် လူကြီးတစ်ယောက်ကို တွေ့ရပါသည်။ သူ့ခေါင်းက ဘဲဥကဲ့သို့ ပြောင်၍နေပါသည်။ သူ့မျက်နှာ

mgyoe.com

mgyoe.com SAMPLE BOOK

ကြီးကလည်း အလွန်ကြီးပါသည်။ သူ့အဝတ်များမှာ သပ်ရပ်ခြင်းမရှိပါ။

"သူပဲ" ဟု မစ္စတာ ကွင်နီယန်က ကျွန်တော့်ကို ရည်စူးပြီး ပြောပါသည်။

"မောင်ကျော့ပါးဖီးဆိုတာ သူကိုး"ဟု ထိုလူကြီးက ပြောပါသည်။ ပြီးလျှင် "နေထိုင်ကောင်းတယ်နော်"ဟု ဆက်၍ ပြောပါသည်။

ကျွန်တော်က နေထိုင်ကောင်းကြောင်း၊ ထိုလူကြီးလည်း နေထိုင်ကောင်းလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောပါသည်။

"ကျွန်ုပ် မစ္စတာမတ်စတုန်းဆီက စာတစ်စောင်ရတယ်၊ မစ္စတာမတ်စတုန်းက သင်နေဖို့ အခု ကျွန်ုပ် အိမ်နောက်ဖေးဘက်က အားနေသည့်အခန်းကို ငှားစေလိုတယ်လို့ ပြောပါတယ်"ဟု ထိုလူကြီးက ပြောပါသည်။

"ဒါဟာ 'မစ္စတာမက်ကောဗား' ပါ၊ မစ္စတာမတ်စတုန်းရဲ့ မိတ်ဆွေပဲ၊ မစ္စတာမတ်စတုန်းက သူ့ဆီကို လှမ်းစာရေးလိုက်လို့ သင့်ကို သူ့အိမ်မှာ ထားလိမ့်မယ်"ဟု မစ္စတာကွင်နီယန်က ပြောပါသည်။

ထို့နောက် မစ္စတာကွင်နီယန်က ကျွန်တော့်အား အလုပ်စ၍ ပေးပါသည်။ ပထမတွင် တနင်္ဂနွေတစ်ပတ်လျှင် ခြောက်သျှီလင်လုပ်ခပေး၍ နောက်တွင် ခုနစ်သျှီလင် ပေးပါသည်။

ညရှစ်နာရီအချိန်တွင် မစ္စတာမက်ကောဗား ပြန်ပေါက်လာပါသည်။ ကျွန်တော်က လက်များဆေး၊ မျက်နှာများသစ်ပြီးလျှင် ကျွန်တော်၏အိမ်ဟု ခေါ်ရတော့မည့် မစ္စတာ မက်ကောဗား အိမ်သို့ လိုက်သွားပါသည်။ (သူ့အိမ်မှာ သူ့လိုပဲ သပ်သပ်ရပ်ရပ် မရှိပါ။ သို့ရာတွင် သူ့လိုပဲ မျက်နှာပန်းပြကောင်းအောင် လုပ်ထားပါသည်။) သူ့အိမ်သို့ ရောက်သောအခါ ကျွန်တော့်ကို မစ္စက်မက်ကောဗားနှင့် မိတ်ဆက်ပေးပါသည်။ မစ္စက်မက်ကောဗားမှာ ပိန်၍ အရွယ်ကျနေပါသည်။ သူ့အသက်မှာ မငယ်တော့ပါ။ မစ္စက်မက်ကောဗားသည် ကလေးကို နို့တိုက်နေပါသည်။ သူ့ကလေးမှာ အမြွှာမွေးဖြစ်ရာ ထိုအမြွှာမွေးနှစ်ယောက်အနက် မစ္စက်မက်ကောဗားသည် တစ်ယောက်ယောက်ကို အမြဲနို့တိုက်၍ နေရပါသည်။

ထို့ပြင် မစ္စက် မက်ကောဗားတွင် အသက်လေးနှစ်ရွယ် သားကလေးတစ်ယောက်နှင့် အသက်သုံးနှစ်ရွယ် သမီးကလေးတစ်ယောက်လည်း ရှိပါသေးသည်။

မစ္စက်မက်ကောဗားက အပေါ်ထပ်သို့ လိုက်ပြီး ကျွန်တော့်အခန်းကို ပြပါသည်။ အခန်းထဲတွင် ဘာပစ္စည်းမျှ မရှိပါ။ ပြီးလျှင် မစ္စက်မက်ကောဗားသည်

mgyoe.com

mgyoe.com
SAMPLE BOOK

သားသမီးများနှင့် ထိုင်ပြီး အမောဖြေနေပါသည်။ "မစ္စတာမက်ကောဗားနဲ့ အိမ်ထောင်မကျခင်တုန်းကတော့ ကိုယ့်အိမ်ခန်းကို အငှားထားမယ်လို့ တစ်ခါမှ စိတ်မကူးမိခဲ့ဖူးဘူး။ အခုတော့ မစ္စတာမက်ကောဗားရဲ့ အခြေအနေက မဟန်တော့ ကိုယ်ကြိုက်သလို မဖြစ်နိုင်ဘူးပေါ့"ဟု မစ္စက်မက်ကောဗားက ပြောပါသည်။

"ဟုတ်တာပေါ့ ခင်ဗျာ" ဟု ကျွန်တော်က ပြောပါသည်။

"တကယ်လို့ မစ္စတာမက်ကောဗားရဲ့ ကြွေးရှင်တွေက အချိန်မဆိုင်းနိုင်ကြဘူး ဆိုရင်လည်း သူတို့ပြုသလို ခံရမှာပဲ၊ အခုလည်း သူတို့ကြွေးကို ဆပ်နိုင်ဖို့ဆိုတာက ဝေးပါသေးတယ်"ဟု မစ္စက်မက်ကောဗားက ပြောပါသည်။ သူတို့အိမ်သို့ ဧည့်သည်ဆို၍ ကြွေးရှင်များပဲ လာကြပါသည်။ ကြွေးရှင်များသည် အချိန်မရွေး လာကြရာ အချို့ကြွေးရှင်များမှာ အလွန်ကြောက်စရာ ကောင်းပါသည်။ ထိုအိမ်တွင် ထိုအိမ်သားများနှင့် ကျွန်တော် နေရပါသည်။ နံနက်စာအတွက် တစ်ပဲနိတန်ပေါင်မုန့်တစ်လုံးနှင့် နို့တစ်ပဲနိဖိုး၊ ညဘက်တွင် ပေါင်မုန့်ငယ်တစ်လုံးနှင့် ဒိန်ခဲအနည်းငယ်ကို ကျွန်တော် စားပါသည်။

ကျွန်တော်၏ ဆင်းရဲခြင်းကို ကျွန်တော် ပို၍ မပြောလိုပါ။ အကယ်၍ ထာဝရဘုရားသခင်ကသာ မစတော်မမူဘူး ဆိုပါလျှင် ကျွန်တော်သည် သူခိုးကလေးသော်လည်းကောင်း၊ ကောင်လေကောင်လွင့်ကလေးသော်လည်းကောင်း ဖြစ်၍သွားဖွယ် ရှိပါသည်။ ဆင်းရဲခြင်းကို ကျွန်တော့်ဟာ ကျွန်တော် ကျိတ်၍ ခံနေပါသည်။ သို့သော် ကျွန်တော်သည် အလုပ်ကိုတော့ လုပ်ပါသည်။

ထိုကဲ့သို့ ဆင်းရဲနေရသော ဘဝမှ လွတ်မြောက်နိုင်လမ်း ရှိသည်ဟု ကျွန်တော် မမျှော်လင့်ပါ။

မစ္စတာမက်ကောဗား၏ အခက်အခဲများသည် ကျွန်တော့်အား ပို၍ စိတ်မချမ်းမသာ ဖြစ်စေပါသည်။ တစ်ညနေတွင် မစ္စက်မက်ကောဗားက ကျွန်တော့်အား ယုံကြည်သောသဘောဖြင့် အောက်ပါအတိုင်း အကုန် ဖွင့်၍ ပြောပါသည်။

"ကိုကော့ပါးဖီး၊ သင့်ကိုတော့ သူတစိမ်းလို သဘောမထားတော့ဘူး၊ ပြောစရာရှိတာ အကုန်လုံး ဖွင့်ပြောတော့မယ်။ မစ္စတာမက်ကောဗားရဲ့ အခက်အခဲတွေဟာ အဆိုးဆုံး အခြေအနေကို ရောက်နေပြီ၊ အခု ကျန်နေတဲ့ ဒတ်ချဒိန်ခဲအတုံးကလေးက လွဲရင် အိမ်မှာ စားစရာ ဘာမှမရှိတော့ဘူး"

သူ ပြောသည့်အတိုင်းပင် နောက်ဆုံး၌ မစ္စတာ မက်ကောဗား၏ အခက်အခဲများသည် အဆိုးဆုံးအခြေအနေသို့ ရောက်လာခဲ့ပါ၏။ သူ့အား တစ်နေ့နံနက်

mgyoe.com

mgyoe.com SAMPLE BOOK

တွင် လာ၍ ဖမ်းသွားပြီးလျှင် ထောင်သို့ ခေါ်သွားကြ၏။

မစ္စတာမက်ကောဗား ထောင်ကျသွားပြီးနောက် ပထမတနင်္ဂနွေနေ့တွင် ကျွန်တော်သည် ထောင်ထဲသို့ သွား၍ မစ္စတာမက်ကောဗားနှင့် တွေ့သောအခါ မစ္စတာမက်ကောဗားက ကျွန်တော့်အား သူ့အခန်းသို့ ခေါ်သွားပြီးလျှင် တရှုပ်ရှုပ်နှင့် ငိုပါတော့သည်။ သူက ကျွန်တော့်အား သူ့လိုမဖြစ်စေရန် လေးနက်စွာ ဆုံးမစကား ပြောသည်ကို ကျွန်တော် သတိရပါသေးသည်။ လူတစ်ယောက်ဟာ တစ်နှစ်မှာ ဝင်ငွေပေါင် ဒင်္ဂါး ကျပ်နှစ်ဆယ်ရှိသည်ဆိုလျှင် တစ်ဆယ့်ကိုးကျပ်၊ တစ်ဆယ့်ကိုး သျှီလင် ခြောက်ပဲနီသုံး၍ ခြောက်ပဲနီ လက်ကျန်ထားလျှင် ထိုလူသည် စိတ်ချမ်းသာရ လိမ့်မည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ဘဲ ၄ပေါင်ဒင်္ဂါးကျပ် နှစ်ဆယ်နှင့် တစ်သျှီလင် သုံးလို့ရှိရင် ထိုလူသည် စိတ်ညစ်ရလိမ့်မည်ဖြစ်ကြောင်း သူက ပြောပြပါသည်။ ထို့နောက် ဆေးလိပ်ဖိုးအတွက် သူက ကျွန်တော့်ထံ တစ်သျှီလင် ချေးပါသည်။

နောက်ဆုံးတွင် မစ္စက်မက်ကောဗားက မစ္စတာ မက်ကောဗားအတွက် ကြွေးမဆပ်နိုင်သော လူမွဲဥပဒေအရ ထောင်မှလွတ်ဖို့ လျှောက်လွှာတင်ရန် ဆုံးဖြတ် လိုက်ကြောင်း ပြောပါသည်။ ထိုသို့ လျှောက်လွှာတင်လိုက်ပါက တစ်လခွဲလောက် ကြာလျှင် မစ္စတာမက်ကောဗား လွတ်လာလိမ့်မည်ဟု ပြောပါသည်။

"အဲသည်နောက်တွင် ငါ၏ အခြေအနေဟာ ဘုရားသခင် ၏ကျေးဇူးတော်နှင့် ဟန်သွားဖို့ သေချာသည်။ သည်တစ်ခါဆိုလျှင် ငါလည်း အကြောင်းကလည်း ညီညွတ်မည်ဆိုလျှင် အခုလိုမနေတော့ဘူး"ဟု မစ္စတာမက်ကောဗားက ပြောပါ သည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

(၉)

အချိန်တန်၍ မစ္စတာမက်ကောဗား လွတ်လာသောအခါ ကျွန်တော်သည် အများကြီး ဝမ်းသာသွားပါသည်။

အခု မစ္စတာမက်ကောဗားလည်း လွတ်လာပါပြီ။ သည်တော့ ခင်ဗျားတို့ ဘာလုပ်ကြမည်လို့ ကြံပါသလဲ ကျွန်တော်က မစ္စက်မက်ကောဗားကို မေးပါသည်။

"မစ္စတာမက်ကောဗားရဲ့ အရည်အချင်းအရဆိုရင် မစ္စတာမက်ကောဗား ဟာ အကောက်ဌာန အလုပ်တစ်ခုခု ရနိုင်လိမ့်မယ်လို့ ငါတို့ အိမ်သားစု သဘော ရပါသည်" ဟု မစ္စက်မက်ကောဗားက ပြောပါသည်။ မစ္စက် မက်ကောဗားသည် "ငါတို့အိမ်သားစု"ဆိုသော စကားကို အမြဲတမ်း ဂုဏ်ယူ၍ ပြောတတ်ပါသည်။ မစ္စတာ မက်ကောဗားသည် အလုပ်ရနိုင်မည့် ပလိုင်းမောက်မြို့ကို ပြောင်းနေမှ ဖြစ်လိမ့်မည်ဟု သူတို့ သဘောရကြပါသည်။

"အဲဒီကို အဒေါ်လည်း လိုက်သွားမလား"ဟု ကျွန်တော်က မေးပါသည်။

မစ္စက်မက်ကောဗားက ငိုပြီး "ငါဟာ ဘယ်တော့မှ မစ္စတာမက်ကောဗား နှင့် မခွဲဘူး၊ မစ္စတာမက်ကောဗား သူ့အခက်အခဲများကို ဖုံးချင် ဖုံးထားပေစေ၊ ငါကတော့ သူနှင့် ဘယ်တော့မှ မခွဲဘူး၊ ဘယ်တော့မှ မခွဲဘူး။ ငါ့ကို ဒီလိုမေးဖို့ မလိုပါဘူး"ဟု ပြောပါသည်။

ကျွန်တော်က ခွဲပြီး နေရစ်ခဲ့စေချင်၍ မေးသလို ဖြစ်သွားသဖြင့် ကျွန်တော့်

mgyoe.com